

ဒဂုန်ရွှေမျှား
မနှင်းဆီ
နှင့် ထူးဆန်းသော
အချစ်ဝတ္ထုများ



# ဒဂုန်ရွှေမျှား
# (၁၈၉၅- ၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖကုန်သည် ဦးချစ်ထွန်း၊ အမိဒေါ်စော (စောကလေး)တို့ မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသား ဖြစ်သည် ။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများ ဖြင့် ပညာစတင်သင်ကြားခဲ့ပြီး တတိယတန်းမှ စ၍ ပြည်မြို့ အစိုးရ ဟိုက်စကူးကျောင်းတွင် တတိယတန်းမှ ဒသမတန်း အောင်သည် အထိ သင်ကြားခဲ့သည် ။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်း အောင်မြင်ခဲ့သည် ။ ရန်ကုန် တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက် သင်ကြားခဲ့သည် ။ နောက် စပါးကုန်သည် အလုပ်လုပ်သည် ။ ထိုသို့လုပ်ရင်း စပါးကုန်သည် ၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြူး၏ သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည် ။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာ ကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာ ဘဝများကို ရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာ စာရေးဆရာများ ပေါ်ဦးပေါ်ဖျား ကာလမှာ ပင် "ပြည်မောင်တင်" ကလောင်အမည်၊ နောင် "ဒဂုန်ရွှေမျှား" ဖြစ်လာခဲ့သည် ။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ " ဝတ္ထုရေးသူများကို ဆုပေးမည့် အကြောင်း" ပါလာသဖြင့် "ဝီလျံရှိတ်စပီးယား"(William Shakespere) ၏ "အော်သယ်လို" (Othello) ပြဇာတ်ပုံဝတ္ထုကို မြန်မာမှုပြု၍ "ချင်းမိုလ်မောင်တက်တူ" အမည်ခံပြီး ပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည် ) ကဏ္ဍ

တွင် စတင်ဖော်ပြခံရသည် ။ ဆုငွေ ၁၅/ ကျပ်ရသည် ။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဝတ္ထုတိုလက်ရာ ဖြစ်သည် ။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများ တွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည် ။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာ ပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သုံ့ပန်း အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက် အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါးလက်ရာ ဖြစ်သည် ။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည်"လျှို့ဝှက်သော စာအိတ်ကြီး" (The Secret Envelope) သည် ပြည်တော်မူ မဂ္ဂဇင်းတွင် စတင် ရေးသားခဲ့ပြီး ပြည်တော်မူ ကုမ္ပဏီမှ ပင် သုံးမတ်တန် လုံးချင်းစာအုပ်အဖြစ် စတင် ထုတ်ဝေခဲ့ပါသည် ။ ဘားမင်းနီးယား ဖလင်ရုပ်ရှင် ကုမ္ပဏီမှ ဒါရိုက်တာ ဦးထိန် လာရောက် ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည် ။

ဂျပန်ခေတ်တွင် ကုန်သည် အဖြစ် လုပ်ကိုင်ရင်း အစိုးရ ပြန်ကြားရေးဌာနတွင် လက်ထောက် အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင် သတင်းစာများ ၌ သတင်းအယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု၊ လက်ထောက် စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည် ။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း စာအုပ်လုံးချင်း (၆၀)ကျော် (စုံထောက် ဦးထင်ကျော်၊ ထောင်မင်းသား ဦးဘိုးထော်၊ ကလိန်မောင်မောင်ထွန်း၊ အင်မ်ကြာရိုး၊ စောရမောင်၊ ကလိမ်ခြိုရှေ့နေ အစရှိသော ပင်ကိုရေးနှင့် မှီငြမ်း ဝတ္ထုတိုပေါင်းချုပ် အပါအဝင် ဝတ္ထုတိုပေါင်း (၄၇၃)ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းဝတ္ထုတို/ရှည် (၁၁၆) ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းပြုစာအုပ် (၆၁)အုပ်၊ ပင်ကိုရေးဝ

ဝတ္ထုစာအုပ် (၁၉) အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေး ဆောင်းပါးပေါင်း (၁၄၇)ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် (၁) အုပ်)စသဖြင့် ရေးသား ထုတ်ဝေခဲ့ရသည် ။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန် ဘာသာပြန်ဆုအဖြစ် "ရော်ဘင်ဆင်ကရူးဆိုး" (Robinson Crusoe) စာအုပ်ဖြင့် ပထမဦးဆုံး အကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ အနုပညာစာပေ ဘာသာပြန် ဝတ္ထုဆုအား "မြို့ဝန်မင်း၏ ဘဝခရီး" (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည် ။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန် စာမူပြိုင်ပွဲ၊ ဘာသာပြန်စာပေဆုအဖြစ် "မွန်းတည့်ရန် (၂) မိနစ်အလို" စာအုပ် (စာမူ) ဖြင့် ဒုတိယဆု ရရှိခဲ့သည် ။

ဝတ္ထုစာပေ လက်ရာများ အပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ "မြန်မာနိုင်ငံ စာပေဆုများ " ပထမတွဲ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ (Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော် ဦးချစ်မောင်၊ မင်းဆွေ စသဖြင့်) ရေးသားပြုစုခဲ့သည် ။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည် ။ အသက် (၈၇) နှစ် အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည် ။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင် (ကွယ်လွန်) အပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည် ။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများ အားလုံးအား လက်လှမ်းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက်ရှိပါသည် ။

*****

# မနှင်းဆီ

ပညာသည် လူတို့ ၏ အသိဉာဏ်က တိုးတက်စေသည် နှင့် အမှု အတွေးကိုလည်း ပို၍ နက်စေသည် ။ "သိခြင်း" ဆိုသည် မှာ မိမိတို့ မြင်တွေ့ ကြားသိသမျှ အရာတို့ ကိုသာ နားလည်ခြင်းဖြစ်၍ ထိုမှ ကျော်လွန်လျှင် "တွေး

တောခြင်း" နယ်နိမိတ်အတွင်းသို့ ဝင်ခဲ့လေပြီ။ သို့ဖြစ်၍ သိခြင်းနှင့် တွေးတော ခြင်းစပ်ကြားတွင် ကန့်သတ်ပိုင်း ခြားထားသော နယ်ခြားအမှတ်အသားရှိလေသည် ။

"သိခြင်း"၌ အကန့်အသတ်ရှိသော်လည်း "တွေးတောခြင်း" ၌ မူ အကန့်အသတ် တစ်စုံတစ်ရာ မရှိချေ။ အတွေးဆိုသည် မှာ အောက်ခြေကို မမြင်နိုင်သော အလွန်နက်ရှိုင်းသည့် ချောက်ကမ်းပါးနှင့် လည်း တူလေသည် ။ သို့ဖြစ်ရကား အတွေးလွန်လျှင် ပင်ကိုအသိဉာဏ်ပင် ပျောက်ကွယ်သွားတတ်၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ကျော် ၃၀ ခန့်က လောကဓာတ်ပညာသည် ယနေ့ခေတ်လောက် ထွန်းကားပေါက်မြောက်ခြင်း မရှိခဲ့သေးချေ။ အနုမြူဗုံးဆိုသော စကားကို အိပ်မက်မျှပင် မမက်ကြသေးချေ။

ထိုအခါက လူများ သည် ရှေးလူကြီးများ ရေးသားထားခဲ့သော အထူး အဆန်းများကို ယုံကြည်သောခေတ်ဟု ဆိုက ဆိုနိုင်လေသည် ။

မြန်မာလူမျိုးများ သည် အစွဲအလမ်း ကြီးသည် ဟူ၍ လည်းကောင်း၊ အလွန် အယူသီးသည် ဟူ၍ လည်းကောင်း ပြောတတ်ကြရာ ဤအချက် အလက်များကို အချို့နေရာ၌ ကျွန်ုပ်တို့ ဝန်ခံရပေမည်။ ဥပမာအားဖြင့်

တောထဲတွင် စလောင်းဖုံးချင်းတီးက ကျားကိုက်တတ်သည် ဟူ၍ ယုံကြည်၏။ မြွေနှစ်ကောင် တစ်ကောင်ကိုတစ်ကောင် မျိုနေသည် ကို တွေ့က အလယ်၌ တစ်ချောင်းစိုက်ထားလိုက်လျှင် ထိုမြွေနှစ်ကောင် မျို သည့် စက်ဝိုင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်း လာပြီးနောက် တုတ် စိုက်ထားသောနေရာသို့ ရောက်သည် နှင့် တစ်ပြိုင်နက် ထိုတုတ်သည် မျက်စိအောက်မှ ပျောက်သွားလိမ့်မည်။ ထိုအခါ ထိုတုတ်ရှိသောနေရာ သို့ လက်ဖြင့် စမ်းသပ်သွားပြီးလျှင် တုတ်ကို ရအောင်ယူနိုင်က ထိုတုတ် ကို ကိုင်ထားသူသည် တုတ်နှင့် အတူ "ကိုယ်ပျောက်" သွားလိမ့်မည်ဟု အဆိုရှိလေသည် ။ "ဝယ်စွယ်ခင်းပိတ်" ကို ဆောင်ထားလျှင် သေနတ်ပြီးလိမ့်မည်ဟု ဆိုလေသည် ။ အလွန်ကြီးသော ခရုံခွံတစ်ခွံထဲ သို့ မြေထည့်၍ ဟင်းနုနယ်စိုက်ပါ။ အပင်သန်စွမ်းလာသောအခါ ၎င်းကို ပဥ္စငါးပါးစဉ်း၍ ဟင်းချက်စားလျှင် ကာယသိဒ္ဓိ ပြီးမြောက်လိမ့်မည်ဟု ရှေးကျမ်းစာတစ်စောင်၌ တွေ့ရလေသည် ။ ယင်းကဲ့သို့ "အထူးအဆန်း" များကို ယုံကြည်ခြင်းသည် ကား ရှေးစကားများကို သက်ဝင်ယုံကြည် သော ဓလေ့ ထုံးစံများ ပင် ဖြစ်လေသည် ။

***

၁၉၂၉ ခုနှစ်က ထောက်ကြံ့ကျေးရွာကလေးမှာ ယခုကဲ့သို့ မစည် ကားလှသေးချေ။ ကျယ်ဝန်းသော ခြံကြီးမှာ လည်း လူနေအိမ်ခြေ မများ

လှသေးသဖြင့် သစ်သီးပန်းမန်တို့ ဖြင့် ဝေဝေဆာဆာ ရှိကြလေသည် ။ ရန်ကုန်မှ

ပစ္စည်းဥစ္စာနှင့် ပြည့်စုံသူများ ၊ အလုပ်အနားယူသော ပင်စင်အငြိမ်းစားများ လည်း ကျယ်ဝန်းသောခြံများကို ဝယ်ကာ တောအိမ်ကလေးများ ဆောက်လုပ်၍ နေတတ်ကြ၏။ အချို့လည်း ရုံးပိတ်ရက်များ တွင် ပျော်ပွဲစားလာရောက်တတ် ကြသည် ။ ထိုအခါ ခိုးသား ၊ ဓားပြများ လည်း နည်းပါးကြသဖြင့် ကိုယ်နှင့် စိတ် ကို အနားယူလိုသူများ သည် ထိုရွာကလေးရှိ ခြံကြီးများ ထဲတွင် အချိန်ကို ဖြုန်း တတ်ကြလေသည် ။

ခြံကြီးတစ်ခြံမှာ သစ်သားတိုင်များကို ဆေးနက်သုတ်ကာ ဆူးကြိုးများ ကာရံထားလျက် အတွင်း၌ ကား သန်မာထွားကျိုင်းလှသော နှင်းဆီပင် များ သည် အသွေးစုံ အရောင်စုံ ဖူးပွင့်လျက်ရှိကြ၏။ ခြံအလယ်တွင် ၃ ပင် ၂ ပင် ပျဉ်ထောင်သွပ်မိုးအိမ်ကလေး တစ်ဆောင်ရှိ၍ အပြင်မျက်နှာစာသို့ ၁၂ ပေပတ်လည်ခန့် ဆင်ဝင်ကလေး ထုတ်ထား၏။ ထိုဆင်ဝင်ပတ်လည်၌ လည်း အနိမ့်အမြင့် ပြုလုပ်ထားသည့် စင်များ ပေါ်တွင် နှင်းဆီ မျိုးကောင်းများကို အိုးကြီးအိုးငယ်ဖြင့် တင်ထားလေသည် ။ ဧည့်ခန်းမှာ လျှာထိုးပျဉ်ခင်းထား၍ ခန်းမဆောင် အလယ်၌ ကုလားထိုင်ခုံများ အောက်တွင် အစိမ်းရောင် ကော်ဇောတစ်ချပ် ခင်းထားလေသည် ။ ထိုအခန်းပတ်လည်၌ ၂ ပေခန့်မျှမြင့် သည့် ခုံနိမ့်ကလေးများ ရှိလေရာ တရုတ်ပြည်ဖြစ် ကြွေပန်းအိုးကြီးများ ပေါ်တွင် နှင်းဆီပင်ပျို ကလေးများ ရှိလေသည် ။ ထိုအပင်ကလေးများ ၌ပင် အဖူးအပွင့်များကို တွေ့မြင်ရသဖြင့် နေရောင်နှင့် လေများ ရကြောင်း ထင်ရှား၏။

ဆင်ဝင်ပတ်လည်၌ ရှိသည့် ပန်းအိုးများ ထဲ၌ မူ မြန်မာနိုင်ငံတွင် တွေ့ရသော နှင်းဆီမျိုးများ ထဲတွင် အရှားပါးဆုံး အလှပဆုံးနှင့် အမွှေးကြိုင်ဆုံး နှင်းဆီမျိုးများ ဖြစ်လေသည် ။ ခြံရောအိမ်ပါ ရှုမြင်ကွင်း တစ်ခုလုံးကို ခြုံ၍ ကြည့်လျှင် အိမ်ရှင်သည် နှင်းဆီပန်းစိုက်ပျိုးရာတွင် အထူးဝါသနာထုံသူ၊ အထူးကျွမ်းကျင်သူဖြစ်ကြောင်း သိနိုင်လေသည် ။

ခြံပေါက် တံခါးဝလက်ဝဲဘက်တွင် ကြေးဝါဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ဆွဲထားရာ ၎င်းအပေါ်၌ ဒေါက်တာ မောင်မျိုးစင် M.A Ph.D (London) FB.Ps. S'ဟု ရေးသားထား၏။ သို့သော် ကြေးဝါစာလုံးများမှာ အရောင်မရှိ၊ မှေး မှိန်လျက် တစ်ဝက်တစ်ပျက်ပင် ပန်းနွယ်များ ဖြင့် ဖုံးအုပ်လျက်ရှိနေပြီဖြစ်ရာ ပိုင်ရှင်၏ ဂရုစိုက်ခြင်းကင်းမဲ့မှုမှာ ထင်ရှား လေသည် ။ ခြံ၏ အမည်ကိုကား မတွေ့ရချေ။ မွှေးကြိုင်သော နှင်းဆီနံ့ များ ဖြင့် ဖုံးလွှမ်းနေသော ခြံကြီးဟူ၍ သာ လမ်းသွား လမ်းလာတို့ က အသိအမှတ်ပြုကြလေသည် ။

ဆောင်းဦးပေါက်ရာသီ၏ တစ်နေ့သော သာယာသည့် နံနက်ခင်း၌ ထိုနှင်းဆီခြံကြီးနှင့် ကပ်လျက်ရှိသည့် အခြားခြံဘက်တွင် အသက် ၃၀ ခန့်ရှိရုပ်ရည်ချောမောသော မိန်းမတစ်ယောက်သည် ရွက်လှပန်းရုံ တစ် ခုအနီးတွင် ရပ်ကာ လမ်းဘက်သို့ ကြည့်ရှုလျက်ရှိလေ၏။

သို့ရှိစဉ် မိမိနံဘေးဘက်ဆီမှ ...

"ဩော် ... ခင်ဗျားက ဒီခြံကလား"

ဟု အသံတစ်သံကို ကြားလိုက်ရသဖြင့် ဖျတ်ခနဲ လှမ်း၍ ကြည့်လိုက်မိ၏။ မိန်းမပျိုသည် အတန်ငယ် ထိတ်လန့်အံ့ဩသွားဟန် တူလေသည် ။

"ဟုတ်တယ်ရှင့် ... ကျွန်မက မြို့က အခုမှ ရောက်လာတာပါ"

"ဟုတ်တယ် ... ရှင်က မမြင်ဖူးလို့ မေးတာ"

"ဒီခြံကို ဝယ်ထားတာ တစ်နှစ်ရှိပြီ။ အခုတစ်ခေါက်ပဲ ရောက်သေးတယ်။ ဦးကြီးနဲ့ အရီးက ဟောဒီခြံကို ဝယ်ကတည်းက လာနေတာ"

ပထမနှုတ်ဆက်လိုက်သော နှင်းဆီခြံကြီးဘက်မှ ယောကျ်ားမှာ အသက် ၄၀ နီးပါးမျှရှိပြီ ဖြစ်၏။ အရပ် ၅ ပေ၊ ၈ လက်မခန့်မြင့်၍ ယောကျ်ား ပီသသော ကိုယ်ဟန် အမူအရာရှိပြီး မျက်နှာမှာ လည်း ခန့်ထားထည်ဝါသော အသွင်အပြင်နှင့် ပြည့်စုံလေသည် ။ မျက်နှာထား ခန့်ညားခြင်းကြောင့် အသက်၄၀ နီးပါးမျှရှိပြီဟု ဆိုရသော်လည်း အမှန်အားဖြင့်မူ ကျောင်းသားကြီးတစ် ယောက်မျှလောက်သာ ရှိသေးသော နုပျိုခြင်းရှိ၍ သူ့မျက်လုံးများမှာ လည်း နက်မှောင်၍ စူးရှတောက်ပလျက်ရှိကြောင်း မိန်းမပျိုက အကဲခတ်လိုက်မိသည် ။ သူသည် ဘောင်းဘီတိုတိုဝတ်ကာ ဆွတ်ဆွတ်ဖြူသော ကော်လံတပ် ပိုးရှပ်အင်္ကျီ လက်တိုတစ်ထည်ကို ဝတ်ထား၏။ လက်၌ ကား နှင်းဆီကိုင်းများ ဖြတ်သော လွှကလေးတစ်ချောင်းကို ကိုင်ထားလေသည် ။

"ရှင့် နှင်းဆီခြံကြီးကဖြင့် သိပ်လှတာပဲ။ အရီးတောင် ပြောမိသေးတယ်။ နှင်းဆီမျိုးကလည်း စုံပါပေရဲ့ ရှင်။ အံ့လောက်စရာပါပဲ"

"အံ့လောက်စရာ ... ဟုတ်စ၊ နှင်းဆီတွေကို ကျုပ် ဖန်ဆင်းချင်တယ်ဗျာ"

"ဒါပေမဲ့ ဒီဟာတွေကို ရှင်ကိုယ်တိုင် စိုက်တာမဟုတ်လား"

"အို ... ဒီဟာတော့ ဟုတ်တာပေ့ါ။ လူတိုင်း စိုက်နိုင်တာပဲ။ ဖန်ဆင်းတယ်ဆိုတာ တခြားဗျ"

ပြုံးရယ်လျက် . . .

"ဖန်ဆင်းတယ် ဆိုတာ ဘုရားသခင်မှ သာ ဖန်ဆင်းနိုင်တယ်မဟုတ်လားရှင့်"

"ဒါမှ မဟုတ်ရင် ဘုရားသခင်ရဲ့ အကူအညီနဲ့ နက္ခတ်ကောင်း အခါကောင်း ကြုံတဲ့ အခါမျိုးမှာ ဆိုပါတော့"

မိန်းမပျိုသည် သြောင်းညာပျင်းရိဟန်ဖြင့် သမ်းဝေလိုက်၏။

" လာလေ ... ကျုပ်ခြံထဲ လာထိုင်ပါလား။ ထိုင်စရာတွေ ရှိပါတယ်။ ပြီးတော့ နှင်းဆီပန်းတွေလည်း ကြည့်ရအောင်။ ကျုပ်နာမည် မျိုးစင်တဲ့ ။

ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ"

"မသင်းကြိုင်တဲ့ "

" လာလေ ခင်ဗျား အံ့သြတဲ့ နှင်းဆီတွေ ကြည့်နိုင်ပါတယ်။ ဒီလိုပေ့ါ အိမ်နီးချင်းဆိုတာ ဆွေမျိုးလိုပေ့ါ"

မောင်မျိုးစင်၏ သာယာသောအသံနှင့် တည်ကြည်ငြိမ်သက်သော

မျက်နှာကိုလည်းကောင်း၊ ရိုးသားသော အမူအရာကိုလည်းကောင်း မသင်းကြိုင် ယုံကြည်လေသည် ။

သို့နှင့် မသင်းကြိုင်သည် နိမ့်သောနေရာတစ်ခုမှ ခြံစည်းရိုးကိုကျော်ကာ မောင်မျိုးစင်၏ ခြံကြီးဘက်သို့ ကူးခဲ့လေ၏။

"အိမ်ထဲ ဝင်ပါဦးလားလေ မသင်းကြိုင်။ လိမ္မော်ရည်ကလေးတစ်ခွက် အမောပြေသောက်ပါဦး"

"အို ... ကိစ္စမရှိပါရှင်၊ မလုပ်ပါနဲ့ အားနာစရာကြီး"

မောင်မျိုးစင်သည် "ဖရီဂျစ်ဒါ" မှ လိမ္မော်ရည် ၂ ပုလင်းကို ထုတ်ယူ

ပြီးလျှင် စားပွဲပေါ်၌ ရှိသော ဖန်ခွက် ၂ လုံးထဲသို့ ထည့် လိုက်လေ၏။ ဧ ည့်ခန်းကလေးမှာ သပ်ရပ်လျက် အိမ်ထောင်ပရိဘောဂ များ လည်း သူ့ နေရာနှင့် သူ နေသားတကျ ရှိလေသည် ။ ကြွေပန်းအိုးများ တွင် နှင်းဆီဖြူများ သည် ပွင့်လျက် အလယ်စားပွဲရှိ ငွေပန်းတကောင်းတွင် နှ င်းဆီအဖြူနှင့် အနီများကိုအကိုင်းများမှ ဖြတ်တောက်ကာ ရောစပ်ထိုး ထားလေသည် ။ ဧည့်ခန်း၏ လက်ဝဲဘက်အခြမ်းမှာ မူ နှင်းဆီပင်များ ပ တ်ပတ်လည်ဝိုင်းလျက် ရှိ၏။ ထို အခန်းမှာ အပေါ်မှ မှန်မိုး၍ ထားသဖြ င့် ကြွေအိုးများ တွင် ထည့်ထားသည့် နှင်းဆီပင် ၅၀ ခန့်တို့ မှာ မပွင့် သော အပင်ဟူ၍ မရှိချေ။ နှင်းဆီပန်းနံ့များ သည် တစ်ခန်းလုံး ကြိုင်လှို င်လျက် ရှိလေသည် ။

"အဲဒီအခန်းကို နှင်းဆီခန်းလို့ နာမည်ပေးထားတယ်။ ဘယ့်နှယ်လဲ သဘောကျရဲ့ လား မသင်းကြိုင်"

"ကျပါတယ်ရှင် သိပ်ကောင်းတာပဲ"

"လိမ္မော်ရည်ကလေး အမောပြေ သောက်လိုက်ပါဦး"

အခန်းမှာ နှင်းဆီပန်းရနံ့တို့ ဖြင့် ကြိုင်လှိုင်လျက်ရှိသည့် ပြင် နေရာ တိုင်း၌ လည်း နှင်းဆီပန်းများကိုသာ မြင်နေရသဖြင့် မသင်းကြိုင်မှာ ဦး ခေါင်းပင် ကိုက်၍ လာသကဲ့သို့ ရှိတော့၏။ မိမိ ယခင်က မမြင်ဘူးသော ပန်းနုရောင်၊ လိမ္မော်ရည်၊ ခရမ်းရောင်၊ ပြာလဲ့လဲ့ရောင်၊ မိုးကြိုးရောင် စ သည် ဖြင့် အသွေးစုံ၊ အရောင်စုံ အရွယ်အစား အမျိုးမျိုး ဖူးပွင့်လျက်ရှိ သော နှင်းဆီပင်တို့ မှာ တအံ့တဩ ငေးမောကြည့်ရှုဖွယ် ကောင်းလှပေ ၏။ နှင်းဆီပင် စိုက်ပျိုးသည့် နေရာတွင် ကတိတစ်ဆူ ခေါ်လောက်သော သူပါပေတည်း။ အခန်း၏ တစ်ဖက်တစ် ချက်တွင် ၆ ပေခန့်မြင့်သည့် မှ န် ဗီရိုကြီးနှစ်လုံးရှိရာ အင်္ဂလိပ် စာအုပ်ကြီးများ ဖြင့် ပြည့်နှက်လျက် ရှိ

၏။ စောင်းပါးရိပ်ခြည် ကြည့်ရှုခြင်းနှင့် ပင် စာအုပ်များမှာ လောကဓာတ်ပညာနှင့် ပတ်သက်သည့် စာအုပ်များ ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ စသည့် ရွှေစာလုံးကြီးများ နှင့် ခန့်ညားထည်ဝါစွာ ရိုက်နှိပ်ထားသည့် စာအုပ်ကြီးများကို မြင်ရလေသည် ။ စာအုပ်ဗီရိုပေါ်တွင် ငွေပန်းအိုးတစ်လုံးစီဖြင့် စိုက်ထားသော နှင်းဆီပင်များမှာ တစ်ပင်လျှင် အပွင့် ၂၀ ထက်မနည်း အဖြူရောင် နှင်းဆီပွင့်များ ပွင့်လျက်ရှိ၏။ အခန်းအဝင်အဝနှင့် ပြတင်းပေါက် များ ၌ပင် ဆွဲပန်းအိုးများ ဖြင့် နှင်းဆီပင်များကို စိုက်ပျိုးထားလေသည် ။

"နှင်းဆီဆိုတာက ကမ္ဘာနဲ့ အဝှမ်း နှစ်သက်ကြတဲ့ ပန်းမျိုးပဲ မသင်းကြိုင်"

"ဟုတ်ကဲ့"

"မသင်းကြိုင်ရဲ့ လက်ယာဘက်က ကြွေပန်းအိုးအစိမ်းထဲမှာ တစ်ပွင့်တည်းပွင့်နေတဲ့ ကြက်သွေးရောင်ကြီး ကြည့်စမ်း"

"ဘာမျိုးလဲရှင့် သိပ်လှတာပဲ။ ကြီးလည်း ကြီးတယ်"

"အမေရိကန်ဗျူတီးဆိုတာပေါ့။ အခုပွင့်နေတဲ့ အပွင့်ဟာ ၃ လက်မခွဲရှိတယ်။ ကလောမှာ ဆိုရင် ၄ လက်မခွဲလောက်ရှိတယ်။ ပြင်သစ်နဲ့ အမေရိကန်မှာ ဆိုရင်တော့ ၅ လက်မ၊ ၅ လက်မခွဲလောက်ရှိတာပေါ့။ ဒီမျိုးဟာ လှရုံသာ မဟုတ်ဘူး ၊ အနံ့လည်း အမွှေးဆုံးပဲ။ ဒီတစ်ပင်တည်း တစ်ရာပေးဝယ်ခဲ့ရတယ်။

ပြီးတော့ ပြတင်းပေါက်ဘေးမှာ နွယ်ပြီးတက်နေတဲ့ အဝါရောင် နှင်းဆီနွယ်ကို ကြည့်စမ်း"

"ဟုတ်ကဲ့ အဲဒါလည်း သိပ်ဆန်းတာပဲ။ ကျွန်မဖြင့် ဒီလို အဝါနွယ်မျိုး

တစ်ခါမှ မမြင်ဖူးဘူး"

"ဒါက ပို့တလင်က ယူလာတဲ့ မျိုးလေ။ အဲဒီ ပို့တလင်ဆိုတဲ့ နေရာမှ နှင်းဆီပန်းရောင်းစားလို့ သူဌေးဖြစ်နေတဲ့ လူတွေ အများကြီးရှိတယ်။ သူတို့ နိုင်ငံမှာ ဇွန်လတိုင်း "နှင်းဆီပွဲတော် (Rose festival) ဆိုတာ ရှိတယ်"

"ရှင်က သိပ်ပြီး ဗဟု သုတ စုံတာပဲ"

"စုံတယ်လည်း မဟုတ်ပါဘူး မသင်းကြိုင်။ ဒီဟာတွေကို လိုက်စားပြီး ဖတ်ထားလို့ သိတာပါ။ ကမ္ဘာပေါ်မှာ နှင်းဆီမျိုးပေါင်း ဘယ်လောက်ရှိမယ်

ထင်သလဲ"

"ဘယ်သိမလဲရှင်၊ ရှင်ပြောပြမှ ပေါ့"

"ရက္ခဗေဒပါရဂူတွေ အဆိုကတော့ အမျိုးကြီးပေါင်း ၃၀၀ လောက်ရှိပြီး အငယ်ပေါင်း ၂၅၀ လောက်အထိ ရှိသတဲ့ ။ ပြင်သစ်ပြည်တောင်ပိုင်းနဲ့ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေ တစ်လျှောက်မှာ တော့ နှင်းဆီဟာ အကောင်းဆုံး ပဲ"

"ရှင်က သိပ်ပြီး ဝါသနာပါတာပဲကို"

"ဟုတ်ကဲ့၊ ဝါသနာပါဆို ဒီဟာတွေကို ဝယ်နိုင်ခြမ်းနိုင် စိုက်နိုင်ပျိုးနိုင် တဲ့ အခြေအနေကလည်း ရှိတာကို"

"ရိုင်းတယ်လည်း မအောက်မေ့ပါနဲ့ ။ ကိုမျိုးစင်က ဘာအလုပ်လုပ်ပါသလဲ"

"အလုပ်အကိုင်လား ဘာမှ မလုပ်ဘူး ဆိုပါတော့ဗျာ။ တစ်ခါတလေ

နှင်းဆီပန်းကလေး ဘာကလေး ရောင်းလို့ ဝင်ငွေနည်းနည်းပါးပါးရဲ့ ။ ဒါပေမဲ့ မဖြစ်စလောက်ပါဘူး။ မေမေ့ဘက်က လယ်တွေအများကြီး ကျန်ရစ်ခဲ့တယ် မသင်းကြိုင်ရဲ့ ။ ကိုယ်စားလှယ် တစ်ယောက်လွှတ်ထားပြီး ဒီလယ်ထောက်ခတွေနဲ့ ထိုင်စားနေတာပဲ"

"ရှင် ဘာဖြစ်လို့ ဒီနှင်းဆီပင်တွေစိုက်တာ ဒီလောက် ဝါသနာပါတာလဲ"

"ဒီဟာတော့ ကျုပ်ကိုယ်ကျုပ်လည်း မပြောတတ်ဘူး။ နှင်းဆီပန်းကလေးကို မြင်နေရရင် ကျုပ် ကျေနပ်တာပဲ"

"ရှင် ဒီမှာ တစ်ယောက်တည်းနေသလား"

"ဟုတ်တယ်၊ မာလီ ၄ ယောက်တော့ရှိတယ်။ ခိုင်းစရာရှိရင် သူတို့ကိုပဲ ခိုင်းနေရတာပဲ။ ဒါကြောင့် မိန်းကလေးတစ်ယောက် ခေါ်ထားတာ ။ ဒီကနေ့ ရောက်မယ်ပြောတယ်။ ခင်ဗျား အိမ်လာလည်တာနဲ့ အဆင်သင့်လိုက်တာပဲ"

"ဘယ်ကမိန်းကလေးလဲ"

"ကျုပ်နဲ့ လာနေမှာ ပဲ။ လက်တိုလက်တောင်း ခိုင်းလည်း ခိုင်းဖို့ ပေါ့ ။ ဒါပေမဲ့ ဒီဟာတွင် မကသေးဘူး"

မသင်းကြိုင်က ကြားဖြတ်၍ အေးစက်သောအသံဖြင့် . . .

"အင်း ... ဒါလည်း ဟုတ်မှာ ပဲ"

"ခင်ဗျားတို့ မိန်းမတွေဟာ ဘာပဲဖြစ်ဖြစ် ခေါင်တွေးလိုက်တာပဲ ဟုတ်တယ်မဟုတ်လား။ ခိုင်းဖို့ ငှားထားတဲ့ မိန်းကလေးကို ကျုပ် မဟုတ်တာ မလုပ်ပါဘူး။ ကျုပ်ပြောတာ မငြင်းပါနဲ့ ဗျာ။ ခင်ဗျားစိတ်ထဲက ဒီဟာထင်လိုက် တယ် မဟုတ်လား။ ဒါပေမဲ့ ဒီကလေးမလုပ်ရမယ့်အလုပ်

က အရေးကြီးတဲ့ အလုပ်ကို လုပ်ရမှာ "

"ဘယ်လိုအလုပ်မျိုးလဲရှင့်"

"ဟာ ... ကျုပ်လျှို့ဝှက်ချက်တွေ ခင်ဗျားကို အားလုံးပြောဖို့ ဘယ်ဖြစ်မလဲ။ ခင်ဗျားအကြောင်းလဲ ပြောပါဦး"

"ကျွန်မအကြောင်းကတော့ ရိုးရိုးပါပဲရှင်။ သိပ်မထူးလှပါဘူး။ ကျွန်မက ကျောင်းဆရာမလုပ်တယ်ရှင့်။ အလုပ်လုပ်ခဲ့တာ ၁၀ နှစ်ရှိပြီ။ တစ်ခါမှ ခွင့်ရက်ရှည်ရယ်လို့ မယူဖူးဘူး။ ဒါနဲ့ အလုပ်လည်း အနားယူရင်း ကျန်းမာရေးလည်း ဖြစ်ရောဆိုပြီး အခွင့် ၄ လ ယူခဲ့တာပဲ"

"ဟိုဘက်ခြံက ခင်ဗျားပိုင်တာပေါ့"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဦးကြီးနဲ့ အရီးတို့ က နည်းနည်းဆင်းရဲတာနဲ့ ခြံစောင့်လည်း ရရောဆိုပြီး ထားပါတယ်"

"ဪ ... ခင်ဗျားတို့ ဘက်မှာ ခွေးတို့ ကြောင်တို့ မွေးသလား"

"မမွေးပါဘူး ဘာဖြစ်လို့ လဲ"

"အရင်တစ်ခါ ဟိုဘက်ခြံမှာ ခွေးတစ်ကောင်ရှိတယ်။ သိပ်နှောင့်ယှက်တဲ့ ခွေးဗျာ။ ခြံကလည်း ဟိုဘက်က သိပ်မလုံတော့ ကျုပ်နှင်းဆီပင်တွေ အများကြီး ပျက်စီးတာပဲ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"နောက် ဒီခွေးဟာ မကြာခင် ပျောက်သွားတာပေါ့။ ခွေးရှင်ကို အရေးယူဖို့ မလိုတော့ဘူး"

မသင်းကြိုင်က စိတ်ထဲတွင် "ဒီလူဟာ လူတစ်မျိုးပဲ" ဟု အောက်မေ့ကာ ကြောက်စိတ်များ ပေါ်၍ လာပြန်သည် ။ သို့သော် ပတ်ဝန်းကျင်

အခြေအနေအားဖြင့် မိမိရောက်နေသောနေရာမှာ နှင်းဆီပန်းအိုးတို့ ဖြ င့် ကြိုင်လှိုင်စွာ ဝန်းရံလျက်ရှိသည့် ပြင် ခေတ်ပညာတတ် ရုပ်ချော လူကြီးလူကောင်း တစ်ယောက်နှင့် ဖော်ရွေစွာ ဆက်ဆံနေရသည် ကို အမှတ်ရသောအခါ ကြောက်စိတ်များ ပြေပျောက်သွားလေသည်။

မောင်မျိုးစင်သည် လမ်းဘက်သို့ ရုတ်တရက် လှမ်းကြည့်ပြီးနောက် ...

"ဟော ... ခြံရှေ့မှာ မြင်းလှည်းကလေး ဆိုက်တယ်။ ကောင်မလေးနဲ့ တူတာပဲ"

ထိုအခိုက် မြင်းလှည်း ဆိုက်သည် နှင့် တစ်ပြိုင်နက် အသက် ၁၄ နှစ် ၁၅ နှစ်ခန့်သာ ရှိသေးသည် ဟု ခန့်မှန်းရသော အသားဖြူဖြူ၊ ပိန်ပိန်ပါး ပါး မိန်းကလေးတစ်ယောက်သည် လက်ဆွဲသားရေအိတ်ကလေးတစ် လုံးကို ဆွဲ ကာ မြင်းလှည်းပေါ်မှ ဆင်းခဲ့ပြီးလျှင် ခြံဝ၌ ဆွဲထားသော ဆို င်းဘုတ်ကို ခေတ္တမျှကြည့်ပြီးနောက် မြေနီလမ်းကလေး အတိုင်း အိမ်ဆီ သို့ လျှောက် လာလေ၏။ မောင်မျိုးစင်သည် အိမ်တံခါးဝသို့ ထွက်ပြီးလျှ င် မိန်းကလေးအား သွားရောက်ကြိုဆိုလေသည်။

"ဟဲ့ မိန်းကလေး ဝင်ခဲ့လေ အိမ်ထဲကို"

မိန်းကလေးသည် ပထမ ရှက်ကိုးရှက်ကန်း ဖြစ် နေသကဲ့သို့ ခြေလှ မ်းများ တုံ့၍ သွားပြီးမှ အိမ်ထဲသို့ ဝင် လာလေသည်။

"ဟဲ့ ... ကလေးမ၊ ဝင်လာခဲ့လေ။ နင့်ကို ကိုက်မစားပါဘူး။ ပေးပါ ... နင့်သေတ္တာကလေး"

"ဟင့်အင်း ... နေပါစေ"

မိန်းကလေးသည် ရှက်ကြောက်သည့် အမူအရာဖြင့် ဦးခေါင်းကို ငုံ့

လျက်ရှိလေသည် ။

ညှော့ခန်းနောက်၌ အခန်းတစ်ခန်းရှိရာ မောင်မျိုးစင်သည် မိန်းကလေး၏ လက်ဆွဲသားရေသေတ္တာကို ကူညီဆွဲယူပြီးလျှင် ထိုအခန်းရှိရာသို့ လိုက်၍ ပို့လေသည် ။ အခန်းတွင်း၌ ကား တစ်ယောက်အိပ် သံခုတင် တစ်လုံးနှင့် ကုလားထိုင်တစ်လုံး၊ မှန်တင်ခုံတစ်ခုံသာ ရှိသည် ။

မောင်မျိုးစင်သည် မိန်းကလေးအား အခန်းထဲတွင် ကျယ်လောင်စွာ စကားပြောနေသည် ကို အပြင်မှ မသင်းကြိုင်က ကောင်းစွာ ကြားနေရ၏။

"ပြတင်းပေါက်ဖွင့်လိုက်စမ်း မိန်းကလေး"

"ဟုတ်ကဲ့"

"ကြည့်လိုက်စမ်း၊ အပြင်ဘက်ကို ဘာတွေမြင်ရလဲ"

"နှင်းဆီပန်းတွေပါကလား အစ်ကိုကြီးရယ်"

"ငါ့ကို အစ်ကိုကြီးလို့ ခေါ်သလား"

"ဟုတ်ကဲ့ ကျွန်မက ဘယ်လိုခေါ်ရမှန်း မသိဘဲ"

"နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"၁၄ နှစ်"

"ပြည့်ပြီလား"

"မပြည့်သေးဘူး။ ဝင်ခါစပဲ ရှိသေးတယ်"

"အဲလေ ခေါ်တာပေါ့။ နင်ခေါ်ချင်သလို ခေါ်နိုင်တာပဲ။ ဒီနှင်းဆီပန်းတွေမြင်ရတော့ နင့်စိတ်ထဲ ဘယ်လိုနေသလဲ"

"ပျော်တာပေါ့ အစ်ကိုကြီးရယ်၊ ကျွန်မ သိပ်ပျော်တာပဲ။ နှင်းဆီပန်းတွေက လှလိုက်တာလည်း လွန်ပါရော။ ဒီလိုလှတာ ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး"

"မင်း အလုပ်လုပ်ရမှာ လည်း အဲဒီနှင်းဆီပန်းတွေနဲ့ လုပ်ရမှာ ပဲ။

အစ်ကိုကြီးစိုက်တဲ့ နေရာမှာ မင်းက ကူညီရမယ်။ မကောင်းတာတွေ ဖြတ်တောက်ပစ်ရမယ်၊ အသစ်ပျိုးရမယ်၊ စိုက်ရမယ်၊ ပန်းပွင့်တွေ ခူးရမယ်၊ ပန်းအိုးတွေမှာ နေ့တိုင်း အလှထိုးရမယ်။ အစ်ကိုကြီးရဲ့ "နှင်းဆီခန်း" ကို နေ့တိုင်း ပြုပြင်ရမယ်။ နှင်းဆီ ... နှင်းဆီ ... အားလုံး နှင်းဆီ အလုပ်တွေပဲ။ နှင်းဆီကို ဘယ်လိုစိုက်ရမယ်၊ ဘယ်လို ဖန်ဆင်းရမယ်ဆိုတာ နင့်ကို ငါ ပြပေးမယ်။ နှင်းဆီပွင့်ထဲက အဆီထုတ်ဖို့ နင့်ကို ငါ သင်ပေးမယ်"

"ဟုတ်ကဲ့ ... လုပ်မှာ ပေါ့"

"အေး ... ဒီလိုဆိုရင် နင်နဲ့ နေရတာ ငါ သိပ်ပျော်မှာ ပဲ။ တို့ နှစ်ယောက် စလုံး စိတ်ချမ်းသာမှုရမှာ ပေါ့။ ငါပြောတဲ့ စကားကို နင် နားထောင်သလောက်ငါ စိတ်ချမ်းသာမှာ ပဲ ကလေးမရယ်။ နင် ဒီမှာ နေရမယ်နော် "

"နေမယ်လေ နေမှာ ပေါ့"

"နင့်အမေကပြောတော့ နင်ဟာ အင်မတန် ဘုရားကြည်ညိုတယ်ဆို "

"ကြည်ညိုတယ် အစ်ကိုကြီးရဲ့ ။ သမ္မာကျမ်းစာကို ကျွန်မ နေ့တိုင်းဖတ်တယ်။ ပြီးတော့ မြို့မှာ နေတုန်းက တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်း အမြဲတက်တယ်"

"ဘာဖြစ်ဖြစ် ယုံကြည်မှုဟာ အရေးကြီးတာပဲ။ ဘုရားသခင်နဲ့ သူ့ရဲ့ တန်ခိုးအာဏာတော်ကို ခြွင်းချက်မရှိ ယုံကြည်ဖို့ အရေးကြီးတယ်။ ဘုရားသခင်ဟာ လူတို့ မကြံစည်နိုင်တာကို ကြံစည်နိုင်တယ်။ မဖြစ်နိုင်တာကို ဖြစ်အောင် ဖန်ဆင်းနိုင်တဲ့ တန်ခိုးတော်ရှိတယ်။ တို့ နှစ်ယောက် ဒီလို ယုံကြည်မှုရရင် ကိုင်း ... ဒီကနေပြီး ကြည့်လိုက်စမ်း။ ဟိုဘက်က သစ်ပင်တွေနောက်မှာ ညို့ ညို့မှိုင်းမှိုင်းမြင်ရတာ ဘာလဲ သိလား"

"တောင်တန်းတွေဖြစ်မှာ ပေါ့ အစ်ကိုကြီးရဲ့ "

"ဟုတ်ပါတယ်၊ ပဲခူးရိုးမတောင်တန်းပေါ့။ ဘုရားသခင်ကို အစ်ကိုကြီး ပြောတဲ့ အတိုင်း ခြွင်းချက်မရှိ ယုံကြည်မှုရှိရင် အဲဒီတောင်ကြီးကို ဖြိုချမယ်ဆိုချနိုင်တယ်။ ရွှေ့ယူမယ်ဆို ယူနိုင်တယ်"

ထိုစကားကို ကြားရသောအခါ . . .

"ဒီလူဟာ ဘုရားကို တကယ်ကြည်ညိုတဲ့ လူပဲလား၊ ဒါမှ မဟုတ်ရင်လည်း စိတ်နောက်နေတဲ့ လူပဲလား မပြောတတ်ဘူး"

ဟု မသင်းကြိုင်သည် တစ်ကိုယ်တည်း ရေရွတ်မိ၏။

"ဒီဟာတွေ ကျွန်မ နားမလည်ဘူး"

"ဒီတော့ နားလည်အောင် အစ်ကိုကြီး သင်ပေးမှာ ပေါ့။ ကိုင်း ... အဝတ်အစား လဲချင်လဲ။ ပြီးတော့ အိမ်ရှေ့ခန်း ထွက်ခဲ့။ အပြင်ဘက်မှာ ဧည့်သည် တစ်ယောက် စောင့်နေတာ ရှိသေးတယ်"

မောင်မျိုးစင်သည် အပြင်ဘက်ခန်းသို့ ထွက်လာခဲ့ပြီးလျှင် မသင်းကြိုင်အား ဆက်လက် စကား ပြောဆိုလျက် ရှိလေသည် ။ သူ၏ ချိုသာရွှင်ပျသော မျက်နှာထားနှင့် သာယာကြည်လင်သော အသံများ သည် မသင်းကြိုင်၏ သံသယကို ပျောက်ပျယ်၍ သွားစေ၏။

"၃၀၀ ထဲနဲ့ ရခဲ့တယ် မသင်းကြိုင်။ တော်တာပေ့ါနော်"

"ရှင် ... ဘာကို ဆိုလိုတာလဲ"

"ဒီကောင်မလေးကို သုံးရာပေးခဲ့ရတယ်။ ကျုပ်ကလည်း ဒီကောင်မလေးမျိုး လိုက်ရှာနေတုန်း ကမာရွတ်က အင်မတန်ဆင်းရဲတဲ့ ရပ်ကွက်တစ်ကွက်မှာ သွားတွေ့တာကိုး။ မိဘတွေက သိပ်ဆင်းရဲတာပဲ။ အနံ ၁၅ ပေ၊ အလျား ၂၅ ပေလောက်ရှိတဲ့ အိပ်ခန်းကလေးမှာ သားသမီး ၁၁ ယောက်ရှိတယ်။ သူကထက် အကြီးတစ်ယောက်ပဲရှိတော့တယ်။ သူ့အဖေဟာ မီးရထားဘက်က ကူလီခေါင်း။ အမေက ဘူတာရုံမှာ ဈေးရောင်းရရှာတယ်။ ဒါကြောင့် သမီးအမှတ်နဲ့ ကျုပ် မွေးစားမယ်ဆိုပြီး ငွေ ၃၀၀ ပေးပြီး ဝယ်လာတာပဲ"

"သမီးအမှတ်နဲ့ ဟုတ်လား"

"ဟုတ်တယ်လေ ... သမီးအမှတ်နဲ့ ပေ့ါ။ နေပါဦး ခင်ဗျား ဘာတွေ လျှောက်တွေးနေတာလဲ။ ဒါကြောင့် ခင်ဗျားတို့ မိန်းမတွေဟာ အတွေးခေါင် တယ်လို့ ကျုပ် ပြောတာ။ ကျုပ်ပြောတာ ခင်ဗျား စိတ်မဆိုးနဲ့ နော် ။ ကျုပ် ပြော တာ ပုဂ္ဂလဓိဋ္ဌာန် မဟုတ်ဘူး ။ ဓမ္မဓိဋ္ဌာန်။ ခင်ဗျားကို ကျွန်တော် အခုမှ တွေ့ဖူး တာ။ သူစိမ်းပြင်ပြင် တစ်ယောက်ကို တွေ့တွေ့ချင်း ဒီစကားမျိုးပြောတာ ခင်ဗျားကတော့ အံ့ဩချင် အံ့ဩနေမှာ ပဲ။ ဒါပေမဲ့ ကျုပ်က သန့်ရှင်းတယ်။ ကျုပ်ကိုကျုပ် ယုံကြည်တယ်။ ကျုပ် မဟုတ်တာမပြောဘူး။ မဟုတ်တာ မလုပ်ဘူး။ အိမ်မှာ လည်း အသုံးဝင်တဲ့ ဒီလို သန့်သန့်ရှင်းရှင်းနဲ့ မိန်းကလေးမျိုး လိုက်ရှာ နေတာကြာပြီ"

"သူက ဘာလုပ်ရမှာ လဲ"

"ဘာလုပ်ရမယ်ဆိုတဲ့ ကျုပ်ရဲ့ လျှို့ဝှက်ချက်ကို မပြောနိုင်ဘူးလို့ ကျု

ပ် အစက ပြောထားတယ်မဟုတ်လား … မသင်းကြိုင် အရှင်းသားပဲ။ ဒါပေမဲ့ ဘူတာရုံမှာ သွားပြီး ကူလီလုပ်တာထက်တော့ ဒီမှာ လုပ်ရမယ့်အလုပ်က ကောင်းပါတယ်။ သူ့ဘဝခရီးလမ်းကို ဖြောင့်ဖြူးအောင် လုပ်ပေးမယ့် သူ့ရဲ့ ဘဝပုံသဏ္ဍာန်ကို နှင်းဆီပန်းတွေနဲ့ ပြုပြင်ပေးမယ်။ သူ့ရဲ့ ရုပ်ရည်ဟာ အမြင်အားဖြင့် နှင်းဆီပန်းလိုလှအောင်၊ ဂုဏ်သတင်းအားဖြင့် နှင်းဆီပန်းမွှေးသလို မွှေးအောင် ပုံသွန်းပေးရမယ်"

"သူငယ်မကလေးက ကလေးသာသာ ရှိသေးတာပဲ"

"ဟုတ်တာပေါ့၊ ဒါမှ လည်း သန့်ရှင်းတော့မပေါ့။ ဒီမှာ ကျုပ်နဲ့ နေသမျှ ကာလပတ်လုံး နှင်းဆီပန်းလို သန့်ရှင်းနေရမှာ ပေါ့"

"ရှင်ပြောတာလည်း သိပ်ပြီး အဓိပ္ပာယ် မရှိသေးပါဘူး။ အချုပ်အချယ်နဲ့ နေရသမျှ ဘယ် လွတ်လွတ်လပ်လပ် ရှိနိုင်ပါ့မလဲ အကျဉ်းသားလို နေရမှာ ပေါ့"

မောင်မျိုးစင်က ပြုံး၍ . . .

"သူကိုယ်တိုင်က သဘောကျလို့ အချုပ်ခံနေတဲ့ အကျဉ်းသားပါ …

မသင်းကြိုင်ရဲ့ ။ ပြီးတော့လည်း ကျုပ်လို သန့်ရှင်းတဲ့ လူကို ဘယ်နည်းနဲ့ မှ သူပစ်သွားမှာ မဟုတ်ပါဘူး"

ထိုအချိန်၌ မိန်းကလေးသည် အဝတ်အစားများ လဲခဲ့ပြီးလျှင် သမင်မပျိုကလေးကဲ့သို့ ဖျတ်လက် သွက်လက်သော အမူအရာဖြင့် ညှော်ခန်းထဲသို့ ဝင် လာလေ၏။

အရပ်မြင့်၍ သေးသေးသွယ်သွယ်ဖြစ်သော်လည်း အချိုးအချိတ်ကျသော ကိုယ်လုံးကိုယ်ဖန်ကလေးမှာ လှပသည် ဟု မဆိုနိုင်စေကာမူ ရိုးရိုးနှင့် ကြည့်၍ ကောင်းပေ၏။

မျက်လုံးကြီးများမှာ ကြည်လင်တောက်ပသလောက် နက်ရှိုင်းလှ၍ ရိုးသားခြင်း၊ သန့်ရှင်းခြင်း အဓိပ္ပာယ်ကို ဆောင်လျက်ရှိ၏။ ဟန်ပန်အမူအရာမှာ တစ်စုံတစ်ရာ နားမလည်သော ကလေးဘဝကို ကျော်လွန်ရုံမျှသာ ကျော်

လွန်သေးသည် ဟု ဆိုလောက်ပေ၏။

သူသည် မောင်မျိုးစင်အား ယုံကြည်ကိုးစားသောမျက်နှာနှင့် ကြည့်ရှုလိုက်လေသည် ။ မောင်မျိုးစင်သည် နေရာမှ ထကာ မိန်းကလေး၏ လက်တစ်ဖက်ကို ယုယစွာ ဆွဲကိုင်ပြီးလျှင် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်စေ၏။ ထို့နောက် ပန်းအိုးတစ်အိုးမှ နှင်းဆီပွင့် အဖြူတစ်ခုကို ဖြတ်ကာ မိန်းကလေး၏ ဦးခေါင်း၌ ထိုးစိုက်ပေးလိုက်သည် ။

"ထိုင်လေ ... ထိုင် ... နင့်နာမည်တောင် မေ့နေပြန်ပါပြီ။ ဘယ်သူကွဲ့ "

"စောခင်"

"ဒီနာမည် မကောင်းပါဘူးကွယ်။ နှင်းဆီပန်းတွေအတွက် မင်းကို ခေါ် လာတယ်။ လုပ်ရမယ့်အလုပ်က နှင်းဆီပန်းအလုပ် လုပ်ရမယ်။ နှင်းဆီပန်းတွေထဲမှာ နေပြီး နှင်းဆီပန်းတွေထဲမှာ ကြီးရမယ်။ အစ်ကိုကြီးကလည်း နှင်းဆီ ပန်းကို သိပ်ချစ်ပြီး အစ်ကိုကြီးရဲ့ ဘဝဟာ နှင်းဆီပန်း။ နှင်းဆီပန်းရဲ့ ဘဝဟာလည်း အစ်ကိုကြီးပဲ။ ဒီတော့ မင်းကို "မနှင်းဆီ" လို့ ပဲ ခေါ်ရမယ်။ အရင်က နာမည်ဟောင်းကို မေ့ပစ်လိုက်ကြားလား"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ကျွန်မ မေ့ပစ်လိုက်ပါ့မယ်"

ထို့နောက် မောင်မျိုးစင်သည် မသင်းကြိုင်ဘက်သို့ လှည့်၍ . . .

"ဟုတ်တယ် ... မသင်းကြိုင်၊ ရုပ်ရည်ရော စိတ်သဘောရော သန့်ရှင်း ဖြူစင်တဲ့ မိန်းကလေးကို ဒီနာမည်ပေးတာ လိုက်ပါတယ်နော်"

"လိုက်ပါတယ်ရှင်၊ ကောင်းပါတယ်။ ရှင်ဟာ သိပ်ပြီး ဝါသနာလည်း ကြီး၊ အစွဲအလမ်းလည်း ကြီးသူနဲ့ တူပါတယ်"

"ဟုတ်တယ် မသင်းကြိုင်၊ ကျုပ် ဒီနှင်းဆီတွေ မရှိရင် နေနိုင်မှာ မဟုတ်ဘူး ။ ကျုပ်ဝိညာဉ်ဟာ နှင်းဆီပွင့်ထဲမှာ ရှိတယ်"

ထို့နောက် အချိန်အတော်ကြာသည် နှင့် မသင်းကြိုင်လည်း နှစ်ယောက်စလုံးအား နှုတ်ဆက်၍ အိမ်သို့ ပြန်ခဲ့လေ၏။

***

ဤသို့ဖြင့် မနှင်းဆီသည် မောင်မျိုးစင်၏ နှင်းဆီခြံကြီးထဲတွင် ကြီးပြင်း လာခဲ့လေသည် ။ အိမ်သို့ ရောက်လာသောအခါ မသင်းကြိုင်သည် မိမိနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့သော မောင်မျိုးစင်ဆိုသူ လူထူးဆန်း၏ အကြောင်းကို စဉ်းစားလျက်ရှိ၏။

မောင်မျိုးစင်၏ ပြောပုံဆိုပုံများမှာ စဉ်းစားစရာ၊ အံ့သြစရာတို့ ဖြင့် ရောပြွမ်းလျက် ရှိသော်လည်း ပြောဆိုသည့် အမူအရာတို့ မှာ ရိုးသားလှ၏။ တန်ဆာမဆင်သော စကားလုံးတို့ ဖြင့် သူစိမ်းပြင်ပြင် တစ်ယောက်ကိုပင် "တဲ့ တိုး" ပြောတတ်ရကား ကြည်လင်သန့်ရှင်းသော စိတ်ဓာတ်၏ အရိပ်အယောင်များ ပေါ်လွင်လျက် ရှိလေသည် ။ အပျိုပေါက်ကလေး တစ်ယောက်အား သားမယားမရှိသည့် လူပျိုကြီး တစ်ယောက်အိမ်၌ မွေးထားခြင်း၊ တစ်အိမ်ထဲတွင် နှစ်ယောက်တည်း အတူနေခြင်းတို့

မ၂၁ အခြားသူများ မျက်စိ၌ သံသယဖြစ်ဖွယ် ရှိသော်လည်း သူ၏ တည်ကြည်ရိုးဖြောင့်သောမျက်နှာမှာ ထိုသံသယများကို ဖျောက်ဖျက်၍ ပစ်နိုင်စွမ်းရှိလေသည် ။ သုံးလေးရက်မျှ ဆက်၍ မသင်းကြိုင်သည် မောင်မျိုးစင်၏ အကြောင်းကို စဉ်းစားမိ၏။ တစ်ခါ တစ်ရံ တွေ့ချင်သောစိတ်ဖြင့် ယခင်က မိမိအား ခေါ်ဖူးသော စံပယ်ချုံအနီး၌ပင် လမ်းလျှောက်၍ နေမိ၏။ သို့သော် မောင်မျိုးစင်ကိုသော်လည်းကောင်း၊ မနှင်းဆီကိုလည်းကောင်း အရိပ်အငွေ့မျှ မမြင်ရချေ။

"ဒီလူဟာ သူ ဘာပဲပြောပြော တစ်နည်းအားဖြင့်တော့ ကြည်ညိုစရာ ကောင်းတဲ့ လူတစ်ယောက်ပဲ။ ငါကသာ သူ့အပေါ် ပြုန်းခနဲ မကောင်းထင်မိ တယ်။ စိတ်သဘော အင်မတန် ဖြူစင်မြင့်မြတ်တဲ့ လူတစ်ယောက်နဲ့ တူတယ်။ ငါ သူ့အပေါ် မကောင်းထင်မိတာ မှားပြီ"

စသဖြင့် တစ်ကိုယ်တည်း တွေးမိ၏။ တစ်နေ့ထက်တစ်နေ့ မောင်မျိုးစင်အပေါ်၌ ကြည်ညိုလေးစားသော စိတ်များ ပေါ်၍ လာတော့၏။

တစ်နေ့သော ညနေစောင်းတွင် မသင်းကြိုင်သည် အိမ်နောက်ဖေးဘက်ရှိ ပေါင်းပင်များကို သုတ်သင်လျက် ရှိစဉ် ခြံထောင့်တစ်ခု၌ ရပ်၍ စကား ပြောနေသော မောင်မျိုးစင်နှင့် မနှင်းဆီတို့ ကို မြင်လိုက်ရ၏။ မနှင်းဆီမှာ ရောက်ခါစထက် အသားများ ပြည့်ဖြိုးလာ၏။ နက်ရှိုင်းသော မျက်လုံးများကို အဝေးမှ ပင် မြင်ရလေ၏။ လေကောင်းလေသန့်ကို ရှူရှိုက်ကာ ကောင်းမွန်လတ်ဆတ်သော အစားအစာများကို စားရလျက် အေးချမ်းစွာ နေရသောကြောင့် ပင် ဤကဲ့သို့ ဝဖြိုးလာဟန်တူလေသည် ။

မောင်မျိုးစင်သည် လက်ထဲတွင် စာအုပ်တစ်အုပ်ကို ကိုင်ကာ မနှင်း

ဆီအား ဖတ်ပြနေဟန်ရှိ၍ မနှင်းဆီကမူ ပြုံးရွှင်သောမျက်နှာနှင့် နှင်းဆီပင်များကို ရေလောင်းရင်း နားထောင်နေဟန်တူလေသည် ။ မကြာမီမှောင်၍ လာလေရာ မနှင်းဆီသည် အိမ်ထဲသို့ ဝင်သွား၏။ မောင်မျိုးစင်သည် မသင်းကြိုင်တို့ ခြံဘက်သို့ လှည့်၍ မျှမကြည့်ဘဲ မနှင်းဆီနောက်သို့ လိုက်သွားသည် ကို မြင်ရလေသည် ။

ရက်သတ္တနှစ်ပတ်ခန့် ကုန်လွန်၍ သွားပြန်၏။ ထိုအတွင်း မသင်းကြိုင်သည် မောင်မျိုးစင်နှင့် မနှင်းဆီတို့ အကြားတွင် နေ့စဉ် စဉ်းစားမိ၏။ နေရောင်ခြည် ထွန်းလင်းသော နံနက်ခင်းများ တွင် လည်းကောင်း၊ သာယာသော ညနေချမ်းများ တွင် လည်းကောင်း နှင်းဆီခြံဘက်သို့ မျှော်ကာ တစ်ယောက်ယောက်ကို တွေ့ရနိုးနှင့် စောင့်ဆိုင်း ကြည့်ရှုမိ၏။

သို့သော် သူတို့ အား အရိပ်အယောင်ကိုမျှ မတွေ့ မမြင်ရချေ။ တစ်နေ့သော ညနေစောင်း၌ မသင်းကြိုင်သည် ယခင်က စံပယ်ရုံကြီးအနီးတွင် လမ်း လျှောက်လျက်ရှိစဉ် ပိုးအင်္ကျီလက်တိုကလေးကို ဝတ်ကာ နှင်းဆီအိုးများကို ပြုပြင်နေသည့် "မနှင်းဆီ" ကို ရုတ်တရက် တွေ့မြင်ရသဖြင့် ခြံစည်းရိုးများကို ကျော်ကာ နှင်းဆီခြံကြီးဘက်သို့ ကူးခဲ့လေ၏။

" လာလေ ... အစ်မကြီး၊ အခုမှ ပဲ တွေ့ရတော့တယ်"

"ဟုတ်ပါတယ်။ ညီမလေးကိုလည်း ခုမှ ပဲ တွေ့ရတော့တယ်။ နေ့တိုင်းလိုလိုပဲ အစ်မကြီး ကြည့်နေတာ ဒီကနေ့မှ ပဲ မြင်ရလို့ ကူးလာခဲ့တယ် ။ ကိုမျိုးစင်တစ်ယောက်ကော မမြင်ပါကလား"

"ရှိပါတယ် ... အစ်မကြီးရဲ့ ။ အခုတင်ကပဲ ပန်းအိုးတွေကို မြေဩဇာ လောင်းပြီး အိမ်ထဲပြန်ဝင်သွားတယ်"

"ငါ့ညီမက သိပ်လှတာပဲ။ အရင်ရောက်စနဲ့ တောင် မတူတော့ဘူး"

"အို … အစ်မကြီးကလဲ"

"မအိုနဲ့ လေ … အစ်မကြီးက လှလို့ လှတယ်ပြောတာ။ အခုလို နှင်းဆီပန်းတွေကို လုပ်ကိုင်နေရတာ ပျော်ရဲ့ လား ညီမလေး"

"ပျော်တာပေါ့ … အစ်မကြီးရယ်။ ကျွန်မ သိပ်ပျော်တာပဲ။ ပြီးတော့ အစ်ကိုကြီးက သိပ်ကောင်းတာ"

"ဘယ်လိုကောင်းပုံလဲ"

"အစစ အရာရာ ကောင်းတာပဲ အစ်မကြီးရဲ့ ။ ကျွန်မဖြင့် အစ်ကိုကြီးကို သိပ်ကြည်ညိုတယ်၊ ချစ်လည်း ချစ်တယ်"

"ညီမလေး အပြင်ကို ထွက်ခွင့်မပြုဘူးနော်။ ထွက်တာ တစ်ခါမှ မမြင်လို့ မေးတာ"

"ဟုတ်ကဲ့ … မထွက်ရဘူး။ ဒါပေမဲ့ ကျွန်မ ဒီခြံထဲနေရတာ ပျော်နေတာပဲ။ ဘယ်မှ လည်း မသွားချင်ဘူး"

"ညီမလေးတို့လို ရွယ်တူတန်းတူ အပေါင်းအဖော်တွေနဲ့ ကော မနေချင်ဘူးလား"

"ဟင့်အင်း မနေချင်ဘူး။ သူနဲ့ နေရရင် ပြီးတာပဲ။ သူ့ကို မြင်နေရရင်

၊

သူ့အသံကို ကြားနေရရင် ကျွန်မ သိပ်ပျော်တာပဲ အစ်မကြီးရယ်"

ထိုစကားများကို ကြားရသောအခါ မသင်းကြိုင် အလိုအလျောက် မခံချင်စိတ်များ ပေါ်၍ လာသကဲ့သို့ပင် ဖြစ်မိသေး၏။

"ညကျရင်ကော ညည်းတို့ ဘာလုပ်နေသလဲ"

"အစ်ကိုကြီးကလေ ကျွန်မကို စာသင်ပေးတယ်။ ဘုရားစာ တရား

စာတွေ ဖတ်ပြတယ်။ ပုံတွေ ပြောပြတယ်။ တခြားနိုင်ငံက စွန့်စွန့်စား စားလုပ်တဲ့ မိန်းမသူရဲကောင်းတွေအကြောင်း ပြောပြတယ်။ စုံလို့ ပါပဲ အစ်မကြီးရယ်။ ဘုရားသခင်ကို ယုံကြည်ရင် ဘာပဲလုပ်လုပ်၊ ဘာပဲကြံစ ည်စည် ဖြစ်တာပဲတဲ့ ။ ဟုတ်လည်း ဟုတ်တာပဲ အစ်မကြီးရဲ့ "

"ဘယ်လိုဟုတ်ပုံလဲ ပြောစမ်းပါဦး"

ကျွန်မ အိမ်မှာ တုန်းကလေ ပထမ ကျွန်မ ဘုရားသခင်ကို လုံးလုံးမ ယုံကြည်ဘူး။ ဒီနောက် ကျွန်မဖေဖေနဲ့ ဘုန်းကြီးက ကျမ်းစာတွေ ဘာ တွေ ပြောပြပြီး တရားဟောတဲ့ အခါ ဘုရားသခင်ကို ယုံကြည်လာတယ် ။ ဒီတော့ ကျွန်မ အိပ်ရာဝင်တိုင်း ဘုရားသခင်ဆီမှာ ဆုတောင်းတယ်"

"ကျွန်မ အဖေ အမေတွေနဲ့ မနေပါရစေနဲ့ ။ ချမ်းသာတဲ့ နေရာ ပို့ တော်မူပါလို့ ဆုတောင်းတာ။ တစ်ခါတည်း ကျွန်မ အလိုပြည့်တာပဲ မမ ရယ်။ အဲဒီလို ဆုတောင်းလို့ တစ်ပတ်လောက်လည်း ကြာရော အစ်ကိုကြီးရောက် လာပြီး ကျွန်မကို လာခေါ်တာပဲ။ အစ်ကိုကြီးပြော တာ ဟုတ်တာပဲ။ ဘာပဲဖြစ်ဖြစ် တကယ်သာ ကိုယ်ကယုံကြည်ရင် ဖြစ်နို င်တယ်တဲ့ "

"ဒါပေမဲ့ ညီမလေး-ဘဝဆိုတာ ဒီလိုချည်း ပျော်ပျော်ရွှင်ရွှင် ပြေပြေပြစ်ပြစ် မသွားသေးဘူးနော်။ ညီမလေးက အသက် သိပ်ငယ် သေးတယ်။ ဘဝကို အခုမှ ရင်ဆိုင်မယ်လုပ်ခါ ရှိသေးတယ်"

"ဒီဟာတွေတော့ ကျွန်မ နားမလည်ဘူး။ အစ်ကိုကြီးလိုချင်တာ လုပ် ပေးရရင် ကျွန်မ ကျေနပ်တာပဲ။ သူ့မျက်နှာကို မြင်ရရင်၊ နှင်းဆီပွင့်တွေ တွေ့နေရရင် ကျွန်မတော့ ပျော်တာပဲ။ အစ်ကိုကြီးလိုချင်တာ ... ဟော ... ပြောရင်း ဆိုရင်း အစ်ကိုကြီးက ကျွန်မကို အလိုရှိနေပြီ"

မနှင်းဆီသည် အိမ်ကလေးရှိရာသို့ လျင်မြန်စွာ ပြေးသွားလေ၏။

မသင်းကြိုင်ကမူ မောင်မျိုးစင်၏ အသံကို မကြားရချေ။ "ဒီကောင်မလေး ရူးများ နေသလား၊ ဒါမှ မဟုတ်ရင် ငါ့နား ပင်းသွားသလား" ဟု အောက်မေ့လျက် မနှင်းဆီနောက်သို့ လိုက်သွားလေ၏။

အိမ်တံခါး ပွင့်၍ သွားပြီးနောက် ပိုးကတ္တီပါ ဂျာကင်အနက်ကို ဝတ်၍ ထားသော မောင်မျိုးစင်သည် မနှင်းဆီနောက်မှ ကပ်၍ လိုက်ပါလာသော မသင်းကြိုင်အား ကြည့်ရှုလျက်ရှိလေသည် ။

"ဝင်လေ အိမ်ထဲကို။ ခင်ဗျားနဲ့ မတွေ့ရတာ ကြာလှပြီ။ လက်ဖက်ရည်သောက်ပြီးမှ ပြန်ရမယ်နော်။ မနှင်းဆီ လက်ဖက်ရည်လုပ်ဟေ့"

"ဒါထက် အခုတင်က ခြံထဲမှာ ကျွန်မနဲ့ မနှင်းဆီနဲ့ စကားပြောနေတုန်း မနှင်းဆီကို ခေါ်လိုက်သလား"

"ဟုတ်တယ်။ တစ်နည်းအားဖြင့် ခေါ်လိုက်တယ်"

"ခေါ်သံ ကျွန်မ မကြားပါကလား"

"ခင်ဗျား မကြားပေမဲ့ ကျုပ်တို့ ချင်း ကြားရတယ်။ ကျုပ်ဆန္ဒက သူ့ကိုခေါ်လိုက်တော့ သူကြားရတာပေါ့"

"အို ဒီဟာတွေဟာ ဟုတ်နိုင်မယ် မထင်ပါဘူး"

"ဘာကြောင့် မဟုတ်နိုင်ရမှာ လဲ မသင်းကြိုင်။ ကျုပ်တို့ နှစ်ယောက်ရဲ့ ဝိညာဉ်ဟာ နှင်းဆီပွင့်လို သန့်ရှင်းတယ်။ အရေးကြီးတာက သန့်ရှင်းမှုနဲ့ ယုံကြည်မှုပဲ"

"မိန်းကလေးက အင်မတန်ငယ်ရာသေးတယ်။ သူ့ကို ရှင်တစ်သက်လုံး ဒီလိုချည်းထားသွားမလား။ ရှင့်စကားကို နားထောင်တယ်ဆိုတာတော့ ကျွန်မ ယုံကြည်ပါတယ်။ ရှင်ဟာ အင်မတန် ညို့ဓာတ်ကောင်းတဲ့

လူတစ်ယောက်ပဲ။ ဒီတော့ ဘာမဆို ရှင်ပြောသလို နားထောင်တာပေါ့။ ခမျာမှာ ဒီထက်ကြီးပြီး လူလားမြောက်လာရင် ဒီဘဝကြီး ဘယ်လိုရင်ဆိုင်ရမယ်ဆိုတဲ့ ပြဿနာတွေက ရှိသေးတာပဲ။ သူ တခြားလူတွေနဲ့ တွေ့ဖို့ အပြင်တောင် မထွက်ရတော့ ဘူးလား"

"ဒါကတော့ သူကလည်း မထွက်ချင်တာပဲကိုး"

"မထွက်ချင်အောင် ရှင်က သွေးဆောင်ထားတာကိုးရှင့်"

"ဒီတော့ ခင်ဗျားက ဘယ်လိုလုပ်ချင်သလဲ"

နောက်ဆုံးပြောလိုက်သော စကားများမှာ အေးအေးစက်စက် ရှိလှသည့် ပြင် သူ၏ မျက်လုံးနက်ကြီးများ သည် လည်း ယခင်ကထက် တောက်ပလာသကဲ့သို့ ထင်ရသဖြင့် မသင်းကြိုင်မှာ ကြက်သီးမွေးညင်းများ ထ၍ သွား လေသည် ။ သို့သော် မသင်းကြိုင်က ပြန်၍ အဖြေပေးလေသည် ။

"ဘယ်လိုလုပ်ရမယ်တော့ မသိဘူး။ ဒါပေမဲ့ ရှင့်ကို သွေးဆောင်ချင်တာပဲ"

"ကျုပ်ကို သွေးဆောင်လို့ မရဘူး။ ကျုပ်က သွေးဆောင်လို့ ရတဲ့ လူစား မဟုတ်ဘူး ။ မနှင်းဆီအတွက် သူလုပ်ရမယ့်အလုပ်တွေ၊ ကျုပ် ရေးဆွဲထားတဲ့ အစီအစဉ်တွေ အများကြီးရှိတယ်။ အင်မတန်အရေးကြီးပြီး အံ့ဩစရာကောင်းတဲ့ ကိစ္စတွေပဲ မသင်းကြိုင်။ ဒီကမ္ဘာကြီးက အံ့ဩရမယ့် အလုပ်တွေကို သူ လုပ်ရမယ်"

ထိုအချိန်၌ မနှင်းဆီသည် ငွေလင်ပန်း တစ်ချပ်ပေါ်တွင် လက်ဖက်ရည်ပန်းကန် ၃လုံးဖြင့် လက်ဖက်ရည်များ ယူလာသဖြင့် မောင်မျိုးစင်နှင့် မသင်းကြိုင်တို့ စကားပြတ်သွားလေသည် ။ မနှင်းဆီမှာ ယခင်က ထက်

ပင် ကြည်လင်လှပ၍ နေ၏။ ဖြူစင်သန့်ရှင်းခြင်း၊ ဣန္ဒြေရှိခြင်း၊ ဘုရားတရား ကြည်ညိုခြင်းတို့ ၏ အရိပ်အယောင်သည် ငယ်မူမကုန်သေးသော သူ၏ မျက်နှာတွင် အထင်းသား ပေါ်လျက်ရှိလေသည် ။

ငွေလင်ပန်းကို စားပွဲပေါ်၌ ချပြီးသောအခါ လက်ဖက်ရည်ခွက်ကို မသင်းကြိုင်အားပေး၍ ဒုတိယ လက်ဖက်ရည် ပန်းကန်ကို မောင်မျိုးစင်ရှေ့၌ ချထားလေသည် ။ မနှင်းဆီမှာ မောင်မျိုးစင်အား အလွန်လေးစားရိုသေဟန်ရှိ၍ မောင်မျိုးစင်ကလည်း မနှင်းဆီအပေါ်တွင် အလွန်ချစ်ခင်ယုယဟန်ရှိလေသည် ။ မောင်မျိုးစင်က မနှင်းဆီအား ခပ်ပြုံးပြုံးကြည့်လိုက်ရာ မနှင်းဆီက မသိမသာ ပြန်၍ ပြုံးပြပြီးနောက် မျက်နှာ လွှဲ လိုက်လေသည် ။ မသင်းကြိုင်ကမူ လက်ဖက်ရည်သောက်ရင်း "သင်းတို့ နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နေတုန်း ငါ သက်သက် လာပြီး ရှုပ်သလိုများ ဖြစ်နေမလား" ဟု စိတ်ထဲက တွေးမိ၏။

မနှင်းဆီမှာ ကလေးဘဝမှ အရွယ်ရောက်သော အပျိုစင်အဖြစ်သို့ ကူးပြောင်းနေဆဲ အချိန်ဖြစ်၍ မနှင်းဆီက ယခင်ကထက် လှ၍ လာသည် ။ လှ၍ လာသည် ဆိုသော်လည်း မျက်နှာတွင် မသိနားမလည်သော အရိပ်အယောင်များ လုံးဝ မကုန်ခန်းသေးချေ။

မိန်းမတို့ မည်သည် သာမန်လှပခြင်း၊ တဏှာရာဂအားဖြင့် နှစ်လိုတပ်မက်ဖွယ်ရာ လှပခြင်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားရှိရာ၊ မနှင်းဆီမှာ ပထမအမျိုးအစားထဲ၌ ပါဝင်လေသည် ။ အကယ်၍ မနှင်းဆီသာ ဒုတိယအမျိုးအစားထဲ၌ ပါဝင်ခဲ့သော် မောင်မျိုးစင်နှင့် မနှင်းဆီတို့ မှာ ဆရာတပည့်မဟုတ်ဘဲ သမီးရည်းစား ဖြစ်လိမ့်မည်ဟု မသင်းကြိုင်ထင်မိ၏။ သို့သော် သူတို့ သမီးရည်းစား မဟုတ်သည် ကို အမှန်သိလေပြီ။ သူတို့ ၏ ချစ်ခြင်းကား အလွန်စင်ကြယ်၍ မွန်မြတ်သော ချစ်ခြင်းပေတည်း။

တစ်စုံတစ်ရာ သွေးသားတော်စပ် ခြင်းမရှိသော ဖိုနှင့် မတို့ ဤမျှလောက် နီးစပ်စွာ ဆက်ဆံနေရပါလျက် အခွင့်အရေးလည်း ရပါလျက် ဖြူစင်စွာ ချစ်ခင်၍ နေနိုင်သောသူ နှစ်ဦးအား မသင်းကြိုင်သည် စိတ်ထဲမှ ချီးကျူးမိ၏။ မောင်မျိုးစင်သည် မနှင်းဆီအား သူ့ဘဝအလျောက် ဖြူစင်သန့်ရှင်းစွာ ကြီးပြင်းလာအောင် မွေးမြူထား၏။ မနှင်းဆီကလည်း မေတ္တာတုံ့ပြန်သည့် အနေနှင့် သန့်ရှင်းစွာ ပြန်၍ ချစ်၏။ သူ့အား "ဘုရားတစ်ဆူ ဂူတစ်လုံး" ကဲ့သို့ ကိုးကွယ်၏။

သို့ စဉ်းစားနေခိုက် တစ်ခန်းလုံးသည် ငြိမ်သက် တိတ်ဆိတ်လျက် ရှိရာ လက်ဖက်ရည်ပ န်းကန်ချင်း ထိသော အသံကလေးများ သာ ညင်သာစွာ ထွက်ပေါ်လျက်ရှိလေသည် ။ မောင်မျိုးစင်၏ တည်ကြည်ခန့်ညားသော မျက်နှာမှ နက်ရှိုင်းလှသော မျက်လုံးကြီးများ ၏ အရှိန်အဝါသည် မသင်းကြိုင်အား ကြောက်စိတ်များကိုပင် ဖြစ်ပေါ်၍ လာစေ၏။ မနှင်းဆီ၏ နုနယ်သော မျက်နှာ၌ လည်း သန့်ရှင်းခြင်း၏ အရိပ်အယောင်များ ပေါ်လွင်လျက် ရှိလေသည် ။

မသင်းကြိုင်သည် ဆိတ်ငြိမ်ခြင်းကို သည်းမခံနိုင်တော့ဘဲ မောင်မျိုးစင်ဘက် သို့ လှည့်၍ . . .

"နွေပေါက်လာရင် နှင်းဆီပင်တွေ သေကုန်တော့မှာ ပဲနော်။ ဒီတော့ ဘယ်လိုလုပ်မလဲ ကိုမျိုးစင်"

"ကျုပ်တို့ ဖန်ဆင်းယူမှာ ပေါ့"

"ဖန်ဆင်းယူမယ် ဟုတ်စ"

"ဟုတ်ပါတယ်။ ကျုပ် အရင်တစ်ခါ ပြောဖူးပြီမဟုတ်လား။ နှင်းဆီတွေဟာ မီးတောက်ထဲမှာ ပထမ မွေးဖွားခဲ့တယ် မသင်းကြိုင်။ ဒီတော့ မီးတောက်ထဲမှာ ပဲ သူတို့ ကို မွေးဖွားနိုင်တာပေါ့"

"ရှင်ဟာ နှင်းဆီပန်းတွေကို သိပ်စွဲလမ်းတာပဲနော်"

"ဟုတ်တယ်၊ မီးတောက်ထဲမှာ ကြည့်ရင် နှင်းဆီပန်းတွေကို ကျုပ်မြင်ရတယ်။ နှင်းဆီအဖြူတွေရယ်၊ အနီပွင့်တွေရယ်၊ မီးအပူဆုံးနေရာမှာ အနီတွေကို မြင်ရတယ်။ မီးမပူသေးတဲ့ မီးလောင်စနေရာမှာ အဖြူတွေကို မြင်ရ တယ်"

မနှင်းဆီသည် မောင်မျိုးစင်၏ စကားများကို လေးနက်စွာ နားထောင် လျက်ရှိလေ၏။

"နှင်းဆီတွေဟာ မီးတောက်ထဲမှာ မွေးလာတာ"

နေဝင်သွားပြီဖြစ်၍ အမှောင်ရိပ်များ တိုးလာ၏။ မောင်မျိုးစင်၏ မျက်နှာမှာ အမှောင်ထဲ၌ တစ်ဝက်ရောက်လျက်ရှိရော ထူးဆန်းသော အကြောင်းတစ်ခုကို လေးနက်စွာ စဉ်းစားနေဟန်တူ၏။ သူ၏ မျက်လုံးကြီးများ

မှာ ယခင်ကထက်ပို၍ မည်းမှောင်နက်ရှိုင်းလာသကဲ့သို့ ထင်ရ၏။ ကြည့်ပုံရှုပုံမှာ လည်း ယခင်ကထက်ပို၍ တင်းမာပြီးလျှင် သူ၏ အသံသည် လည်း လေးနက်၍ လာလေသည် ။

မောင်မျိုးစင်က ထပ်မံ၍ . . .

"နှင်းဆီတွေဟာ အရင်က မီးတောက်ထဲက မွေးလာတာပဲ။ နောက်ထပ်လည်း မီးတောက်ထဲမှာ ပဲ မွေးနိုင်တာပေါ့"

မောင်မျိုးစင် ရေရွတ်နေသော စကားများကား အဓိပ္ပာယ်မရှိချေ။ အကယ်၍ ရှိစေကာမူ ထူးခြားနက်နဲသော အဓိပ္ပာယ်မျိုး ရှိရပေမည်။ သူဘာ ကိုဆိုလိုသနည်း။ မောင်မျိုးစင်သည် စိတ်မှ ကောင်းပါလေစဟု မသင်းကြိုင်

တွေးမိ၏။ မောင်မျိုးစင်၏ မျက်လုံးကြီးများမှာ ဝိုင်းဝိုင်းလည်ကာ အရောင်

များ ထွက် နေသကဲ့သို့ ထင်ရ၏။ မသင်းကြိုင်သည် မောင်မျိုးစင်၏ မျက်နှာကို ကြည့်ရင်း ရင်ထဲမှ စိမ့်၍ ကြောက်ရွံ့လာမိ၏။

သို့သော် သိလိုသဖြင့် အရဲစွန့်ကာ မေး လိုက်လေသည် ။

"ရှင်ဆိုလိုတာက ဘာကိုဆိုလိုတာလဲ ကိုမျိုးစင်"

"ဆာဂျွန်မန်ဒီဗွီဆိုတဲ့ လူရေးတဲ့ Travels if Sir John Mandeville က ဆိုတဲ့ စာအုပ် မဖတ်ဖူးသေးဘူး ထင်တယ်"

"မဖတ်ဖူးပါဘူးရှင်။ ရှင့်လောက် ဗဟု သုတ ဘယ်ပြည့်စုံမလဲ။ ကျောင်းဆရာမဆိုတာ ကျောင်းစာအုပ် လောက်နဲ့ အချိန်ကုန်ရေတာပဲ"

"အဲဒီစာအုပ် ရှာပြီးဖတ်ကြည့်လေ။ အခန်း ၆ ကို ဖတ်ကြည့်ရင် ကျူပ်ဆိုလိုတာ သိမှာ ပေ့ါ။ အဲဒီ ခရီးသည် ကြီး မန်ဒီဗွီဆိုတဲ့ လူက အတော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ မသင်းကြိုင်။ တကယ်စွမ်းတဲ့ လူတစ်ယောက်ပဲ။ မဖြစ်နိုင်တဲ့ အရာတွေဟာ ဖြစ်နိုင်တယ်လို့ သူက ယုံကြည်တဲ့ လူတစ်ယောက်ပဲ။ ဒါပေမဲ့ သူဆိုလိုတာက တကယ်သန့်ရှင်းတဲ့ လူ၊ တကယ် စိတ်ထားမြင့်မြတ်တဲ့ ဘုရားသခင်ကို တကယ် ယုံကြည်တဲ့ လူမှ ဖြစ်နိုင်တယ်လို့ ဆိုတယ်"

"ဒါပေမဲ့ ဒီခေတ်က အထူးအဆန်းတွေ ဖြစ်တတ်တယ်ဆိုတဲ့ စိတ်ကူးခေတ် မဟုတ်တော့ဘူး ကိုမျိုးစင်"

"အို ... ဘယ်ခေတ်မဆို ဖြစ်နိုင်တယ်။ တစ်နေ့တော့ ကျူပ်အခုပြောနေတာ မှန်ကြောင်း မသင်းကြိုင် မြင်ရလိမ့်မယ်။ မနှင်းဆီရဲ့ အကူအညီနဲ့ ဖန်ဆင်းလို့ ရတဲ့ နှင်းဆီတွေကိုမ သင်းကြိုင် တွေ့ရလိမ့်မယ်။ လာပါ

ဦး မနှင်းဆီ အစ်ကိုကြီးအနား လာထိုင်ပါဦး"

သူသည် မနှင်းဆီအား မိခင်က သားငယ်ကို ထွေးပိုက် ယုယသကဲ့သို့ လက်ဖြင့် အသာအယာ ဖက်လိုက်ကာ သူ့အနီးရှိ ကုလားထိုင်တစ်လုံး ပေါ်သို့ ဖေးမပို့ဆောင်လေ၏။

ထို့နောက် မသင်းကြိုင်ဘက်သို့ တစ်ဖန်လှည့်လျက် . . .

"မနှင်းဆီက ကျုပ်စကားကို ဘာမဆို နားထောင်တယ်။ သူ့စိတ်ဟာ ကျုပ်စိတ်ပဲ။ သူ့ဝိညာဉ်ဟာ ကျုပ်ဝိညာဉ်ပဲ။ ကျုပ်တို့ နှစ်ယောက် အတူ အထူးအဆန်း တစ်ခုကို လုပ်ပြမယ်။ အတူလို့ ပြောတာနော်"

မောင်မျိုးစင်သည် မသင်းကြိုင်ရှိနေသည် ကိုပင် မေ့လျော့ နေသကဲ့သို့ မနှင်းဆီ၏ မျက်နှာကိုသာ ယုယကြင်နာစွာ ကြည့်ရှုလျက်နေလေ၏ ။ သို့နှင့် မသင်းကြိုင်မှာ မောင်မျိုးစင်၏ စကားပြောပုံဆိုပုံ၊ နေပုံထိုင်ပုံမှ စ၍ ထူးဆန်းလွန်းလှသည် ဖြစ်၍ စိတ်ထဲမှ ကြောက်ရွံ့၍ လာမိ၏။

သို့နှင့် အိမ်သားများအား ကပျာကယာ နှုတ်ဆက်ပြီးလျှင် မိမိခြံဘက်သို့ ပြန်ခဲ့လေသည် ။

ထိုည၌ မသင်းကြိုင်မှာ ကောင်းစွာ အိပ်၍ မပျော်ဘဲ မောင်မျိုးစင်၏ အကြောင်းကို ရောက်တတ်ရာရာ စဉ်းစားမိ၏။

"ရုပ်ချောသလောက် ဒီလူဟာ ပညာရှိပါရဲ့ ။ ဒါပေမဲ့ သူ့ပညာတွေဟာ မဟုတ်တာတွေကို ခေါင်ပြီး တွေးနေတဲ့ ပညာတွေပဲ။ ကိုယ့်ဉာဏ် မမီလို့ လားတော့ မပြောတတ်ဘူး။ သူဟာ အရူးမှ စိတ်ကူးယဉ်ပြီး ထင်ရာလုပ်နေတဲ့ အရူး"

ဟု စဉ်းစားမိ၏။

နေ့ရက်များ သည် တရွေ့ရွေ့ ကုန်လွန်၍ သွားခဲ့ရာ မသင်းကြိုင်သ

ည် မောင်မျိုးစင်အား နောက်ထပ် မတွေ့ရတော့ချေ။ သို့သော် မသင်းကြိုင်၏ စိတ်ထဲတွင် မောင်မျိုးစင်ပြောလိုက်သော "ဆာဂျွန်မန်ဒီဗီ" ရေးသည် "သူ၏ ခရီးစဉ်များ " စာအုပ်ကို ကြည့်လိုသောဆန္ဒ ပြင်းပြလျက်ရှိလေသည် ။

သို့နှင့် တစ်နေ့တွင် မသင်းကြိုင်သည် ကားကြုံရှိသည် နှင့် မြို့သို့ လိုက်ပါသွားပြီးလျှင် ဘုရားလမ်းနှင့် ကျုံးကြီးလမ်းထောင့်တွင် ကားကိုရပ်စေ၍ "ဘားနတ် ပိဋကတ်တိုက်"သို့ လာခဲ့လေ၏။

ရောက်လာသောအခါ ပိဋကတ်တိုက်မှူးထံ သွားရောက်၍ ဆာဂျွန်မန်ဒီဗီရေးသားသော "သူ၏ ခရီးစဉ်များ " စာအုပ်အကြောင်း မေးမြန်းလေသည် ။

"ဒီစာအုပ် မရှိတော့ဘူးရှင့်"

"မရှိတော့ဘူး ဆိုတာက အရင်က ရှိခဲ့ဖူးလို့ လား"

"ဟုတ်ကဲ့ရှင့်။ အရက်ကရှိခဲ့တာ အခု ပျောက်သွားလို့ ပြောတာ။ ပျောက်သွားတာတောင် အတော်ကြာပါပြီ။ အနည်းဆုံး ၁ နှစ်လောက် ရှိသွားပြီထင်တယ်"

"စာအုပ်အကြောင်းကိုကော နည်းနည်းပါးပါး ပြောနိုင်သလားရှင်"

ထိုအခါ ပိဋကတ်တိုက်မှူးသည် မသင်းကြိုင်အား ဧည့်ခန်း၌ ခေတ္တစောင့်နေရန် ပြောပြီးလျှင် စာအုပ်များ ၏ အကိုးအကားများကို အက္ခရာစဉ်အတိုင်း ရေးမှတ်ထားသည့် စာအုပ်ကြီးကို ကြည့်ပြီးနောက် ၁၀ မိနစ်ခန့် ကြာသောအခါ ပြန်ရောက် လာလေသည် ။

"ဒီစာအုပ်က လောကဓာတ်ဆရာကြီး၊ အဘိဓမ္မာဆရာကြီး ဆာဂျွန်မန်ဒီဗီဟာ ၇ နှစ်တိုင်တိုင် ကမ္ဘာကို လှည့်တုန်းက သူကိုယ်တိုင်တွေ့ခဲ့

တာတွေကော၊ တခြားလူများ တွေ့ဖူးလို့ ပြောတာတွေရော ရေးသား ထားတဲ့ စာအုပ်တဲ့ ရှင့်။ လောကဓာတ်ပညာကို တရားဓမ္မနဲ့ ရောစပ်ပြီး ရေးသားထားတဲ့ အချက်အလက်တွေ၊ ပြီးတော့ တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးနဲ့ ရှေးဟောင်း ယုံကြည်မှုတွေပါတယ်တဲ့ ။ ကျွန်မတော့ ဒီလောက်ပဲ ပြောနိုင်တယ်"

"ဟုတ်ကဲ့ရှင့်၊ ဒီလောက်သိရရင်လည်း သိရတာပေါ့"

"နေပါဦး၊ ရှင်က ရှေးယုံကြည်မှုတွေကို စိတ်ဝင်စားသလား"

"ဝင်စားတယ်လို့ မဟုတ်ပါဘူးရှင်။ ကြည့်ချင်တာကလေးတစ်ခု ရှိလို့ ပါပဲ။ ဒီစာအုပ် ဝယ်ရင်ကော ရနိုင်သလား"

"ရမယ် မထင်ပါဘူး။ ဟိုးရှေး ၁၈ ရာစုနှစ်တုန်းက ထုတ်တဲ့ စာအုပ်ကြီးပါ။ နောက်ထပ်လည်း ရိုက်မယ်မထင်ပါဘူး။ ကျွန်မတို့ လက်ထဲမှာ တောင် အတော်ဟောင်းနေပြီ"

"တော်တော် အဖိုးတန်လိမ့်မယ်နော်"

"ဟုတ်ကဲ့ ဒီစာအုပ်မျိုးရရင် ပိုင်ရှင်ကတော့ တစ်ရာကိုးဆယ် ပေးနိုင်တာပေါ့"

"အထူးအဆန်းတွေ တော်တော် ပါလိမ့်မယ်နော်"

"ဟုတ်ကဲ့၊ ကမ္ဘာကို ၇ နှစ်လုံးလုံးလှည့်ပြီး ဒီဟာမျိုးတွေကို လိုက်ရှာတယ်။ ပြီးတော့လည်း နဂိုကလည်း လောကဓာတ်ဆရာ၊ အဘိဓမ္မာဆရာကြီး ဖြစ်တယ်ဆိုတော့ တော်တော်စုံမှာ ပေါ့။ ရှင် ဒီဟာတွေကို ယုံကောယုံ သလား"

"ယုံတော့ မယုံပါဘူး"

"ကျွန်မဖြင့် ဒီဟာတွေ နည်းနည်းကလေးမှ စိတ်မဝင်စားဘူး။

လောကဓာတ်ဆရာတွေ၊ စိတ်ပညာပါရဂူတွေ၊ ရှေးယုံကြည်မှုတွေ လိုက်စားပြီး ယုံကြည့်တဲ့ လူတွေဟာ အရူးတွေချည်းပဲရှင့်။ တော်တော်ကြာ လဗိမာန်ကို ရောက်အောင်သွားမယ်၊ တော်တော်ကြာ ကမ္ဘာကြီး ဘာဖြစ်လိမ့်မယ်၊ တော်တော်ကြာ ပင်လယ်ထဲမှာ လူတစ်မျိုး ရှိနေတယ် ... အို စုံနေတာပါပဲရှင်။ ပြီးတော့ ရှေးယုံကြည်မှု ဆိုတာက လည်း လူစင်စစ်က ကျားဖြစ်နိုင်တယ်။ သစ်ပင်ကပဲ လူမွေးနိုင်တယ်၊ ဘယ်ဆေးမြစ်ကို ရရင် ကိုယ်ပျောက်နိုင်တယ် စသဖြင့် လောကဓာတ် ဆရာကြီးတွေက အမျိုးမျိုး ထင်ရာ ရေးကြတယ်မဟုတ်လား။ အခု ရှင် မေးတဲ့ စာအုပ်က ဒီဟာမျိုးတွေ ရေးထားတဲ့ စာအုပ်မျိုးပဲ"

"ဒီလောက်သိရရင် တော်ပါပြီ အစ်မကြီးရယ်"

ထို့နောက် မသင်းကြိုင်သည် ပိဋကတ်စာတိုက်မှူးအား နှုတ်ဆက်၍ ထွက်လာခဲ့လေ၏။

ထိုနေ့တစ်နေ့လုံး မသင်းကြိုင်သည် မြို့ပေါ်ရှိ မိတ်ဆွေသင်္ဂဟ အိမ် များ သို့ သွားရောက် လည်ပတ်ခြင်းဖြင့် အချိန်ကုန်ခဲ့လေရာ ထောက်ကြံ့သို့ ညဥ့်နေဝင်မှ ပြန်၍ ရောက်လာခဲ့၏။

မသင်းကြိုင်သည် အိပ်ခန်းထဲ၌ အဝတ်အစားများ လဲလျက်ရှိစဉ် မောင်မျိုးစင် ခြံဘက်ဆီမှ တဖျစ်ဖျစ် မြည်သော အသံများကို ကြားရသဖြင့် ပြတင်းပေါက်ကိုဖွင့်၍ ကြည့်လိုက်ရာ လူတစ်ရပ်ခန့်မျှရှိ သော ထင်းပုံကြီးမှာ အောက်ခြေမှ မီးများ စွဲလောင်လျက်ရှိရာ တွေ့ရ လေ၏။

ထင်းပုံအလယ်၌ ကားတိုင်တစ်တိုင်ကို စိုက်ထူထားရာ ထိုတိုင်တွင် လူတစ်ယောက်ကို ကြိုးများ ဖြင့် တုပ်နှောင်ထားသည် ကို ထင်းပုံအစွန်း

အောက်ခြေမှ တောက်လောင်လျက်ရှိသော မီးတောက်တစ်ခု၏ အလင်းရောင်တွင် မကွဲမပြား တွေ့မြင်ရလေသည် ။ မှောင်မိုက်သော ညဥ့်ဖြစ်သဖြင့် မီးတောက်ကလေး၏ အလင်းရောင်သည် တိုင်ပေါ်တွင် ချည်ထားသောလူ၏ မျက်နှာပေါ်သို့ တစ်ဝက်တစ်ပျက်မျှ ကျရောက်လျက်ရှိရာ ၎င်းမှာ တခြားသူမဟုတ်၊ မနှင်းဆီဖြစ်ကြောင်း ကောင်းစွာ သိရတော့၏။ ထိုအခါ မသင်းကြိုင်သည် မောင်မျိုးစင်ခြံဘက် ပြေးလွှားသွားလေရာ မသင်းကြိုင်၏ ဦးကြီးသည် လည်း နောက်မှ လိုက်ပါသွားလေသည် ။ အရီးဖြစ်သူမှာ ဟစ်အော်၍ ကျန်ရစ်ခဲ့လေသည် ။

ထင်းပုံအနီး၌ ကား မောင်မျိုးစင်သည် ဘောင်းဘီရှည်အဖြူ၊ ဖိနပ်အဖြူ၊ ရှပ်အင်္ကျီလက်ရှည်အဖြူ စသည် ဖြင့် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော အဝတ်များကိုဝတ်ကာ ထင်းပုံအောက်ခြေကိုပတ်၍ မီးတုတ်တစ်ခုဖြင့် မီးများ ရှို့နေသည် ကို ထူးဆန်းစွာ တွေ့မြင်ရလေ၏။ ထင်းပုံအလယ်ရှိ အပေါ်သို့ ထိုးထွက်လျက် ရှိသောတိုင်၌ ကြိုးများ ဖြင့် တုပ်နှောင်ထားသော မနှင်းဆီမှာ မူ မျက်နှာမူရာ အရပ်သို့ လက်အုပ်ချီလျက် ရှိရာ နီမြန်းသော အဝတ်အစားများကို ဝတ်ဆင်ထားလေသည် ။ သူသည် မျက်လုံးများကိုမှိတ်ကာ ပါးစပ်မှ တစ်စုံတစ်ရာကို ရေရွတ် နေသကဲ့သို့ တလှုပ်လှုပ် ရှိ၏။ ထိုအဖြစ်အပျက် များကို မြင်ရသောအခါ မသင်းကြိုင်မှာ ဆက်လက် သည်းမခံနိုင်တော့ဘဲ . . .

"ဟဲ့ ... အရူး၊ ဘယ်လိုလုပ်တာလဲ ... ဟင် ... ကောင်မလေးကို မီးရှို့သတ်မလို့ ... ဟုတ်စ"

မောင်မျိုးစင်ကမူ မသင်းကြိုင်ပြောသည် ကို မကြားသကဲ့သို့ . . .

"အောင်ပြီ၊ အောင်ပြီ ငါ့အကြံ အောင်ပြီ။ နှင်းဆီနီနဲ့ နှင်းဆီဖြူတွေ ဘုရားသခင်က ဖန်ဆင်းပေးတော့မယ်။ မနှင်းဆီ ... မနှင်းဆီ၊ ညီမလေး

ဘုရားတရားကို အာရုံပြုနော်။ ဘာမှ မဖြစ်ဘူး။ ငါတို့ ဟာ စင်ကြယ်တယ်၊ မြင့်မြတ်တယ်၊ ဘုရားတရားကို ကြည်ညိုတယ်၊ ရှေးအယူတွေကို ငါတို့ ယုံ ကြည်တယ်။ စင်ကြယ်တဲ့ လူကို မီးဟာ မလောင်ဘူး"

ဟု ဟစ်အော်ကာ ရေနံဆီများ ဆွတ်ဖျန်းထားသော အောက်ခြေကို မီးတို့ ဖြင့် နေရာ အနှံ့အပြားတို့ လျက် ရှိလေ၏။ အောက်ခြေ၌ ကား နေရာအနှံ့အပြား မီးများ စွဲလောင်နေပြီဖြစ်ရာ အထက်ပိုင်းတွင် မီးခိုးများ အူလျက် ရှိနေလေပြီ။ ထိုအခါ ရွာထဲမှ လူများ ပင် ပြေးလာကြပြီးလျှင် ခြံအပြင်မှ နေ၍ ထူးဆန်းသော အခြင်းအရာများကို ကြည့်ရှုလျက်ရှိနေကြလေ၏။ ခြံအတွင်းသို့မူ မဝင် ဝံ့ဘဲ ကြည့်ရှုကာ ရှိနေကြလေသည် ။

"ဦးကြီး ... လုပ်ပါဦး၊ ဒီလိုပဲ ကြည့်နေတော့မလား။ ဒီ ... အရှုး . . .အရှုး ... ကိုယ့်အိမ်မှာ မွေးထားတဲ့ ကလေးမကလေးကို ကိုယ်သတ်နေတာ "

မသင်းကြိုင်၏ ဦးကြီးကား ခါးတောင်းတကျားကျားနှင့် ရှိနေရာမှ မီးအနည်းဆုံး နေရာတစ်ခုကို ကျော်လွှားလျက်ရှိလေ၏။ တိုင်တွင် ကပ်၍ ညှပ်ထားသော မိန်းကလေးမှာ မူ တစ်စုံတစ်ရာ အော်ခြင်းမပြုဘဲ လက်အုပ်ချီလျက်သာ ရှိနေလေသည် ။

မောင်မျိုးစင်၏ မျက်လုံးများမှာ တောစိတ်ဝင်သော ကျားတစ်ကောင်၏ မျက်လုံးများကဲ့သို့ ပြူးကြောင်လျက်ရှိနေရာမှာ . . .

"မနှင်းဆီ ... နှမလေး ... ယုံကြည်နော် ... အာရုံပြုနော်၊ အစ်ကိုကြီး လိုက်ခဲ့မယ်။ ကိုင်း ... ကွယ် ပြောနေကြာရော့၊ လာပြီဟေ့"

သို့နှင့် သူသည် မီးပုံကြီးကို လှည့်ပတ်ကာ ဟင်အော် ပြေးလွှားလျက် ရှိနေရာမှ မီးအများ ဆုံးနေရာသို့ ခုန်၍ တိုးဝင်လိုက်တာ မီးပုံထဲသို့ တစ်

ခါ တည်း ခုန်ချ လိုက်လေ၏။

ထိုအချိန်၌ မသင်းကြိုင်၏ ဦးကြီးမှာ မနှင်းဆီကို ပွေ့ယူကာ အောက် သို့ အတင်းခုန်ဆင်း လာပြီဖြစ်၍ မီးစွဲလျက်ရှိသော အဝတ်အစားမှ အချို့နေရာများကို မသင်းကြိုင်သည် လက်ဖြင့် အတင်းပွတ်သပ် ငြိမ်း ပေးတော့သည် ။ မောင်မျိုးစင် လဲကျသွားသော နေရာသည် ကား မီး တောက်မီးလျှံ အထူထပ်ဆုံး နေရာဖြစ်သဖြင့် မသင်းကြိုင်၏ ဦးကြီးမှာ ရွာသားများ ၏ အကူအညီဖြင့် အတော်ပင်ကြိုးစား၍ ထုတ်ယူရလေသ ည် ။

မီးပုံမှ ဆွဲထုတ်လိုက်သောအခါ ၂ ယောက်စလုံး သတိမရဘဲ ရှိနေ လေသည် ။

မနှင်းဆီမှာ လုံချည်အောက်ပိုင်းတွင် လောင်ကျွမ်းသဖြင့် အနည်းင ယ်မျှ ဒဏ်ရာရရှိလေရာ မောင်မျိုးစင်မှာ မူ တစ်ကိုယ်လုံး ရစရာမရှိ အောင် လောင်မြိုက်ကာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့၏။ မသင်းကြိုင်၏ ဦးကြီးနှင့် မသင်းကြိုင်ကိုယ်တိုင်ပင် လက်များ ၌ ဒဏ်ရာများ ရရှိခဲ့ကြ ၏။ သို့နှင့် ပင် မသင်းကြိုင်သည် ဆေးရုံသို့ နေ့စဉ်သွားရောက်လာ လူ နာနှစ်ဦးအား စောင့်ကြပ်ပြုစုရှာ၏။

၃ ရက်မြောက်သောနေ့၌ မသင်းကြိုင်က ဆေးရုံဆရာမကလေး အား ...

"လူနာတွေ ဘယ်လိုနေသေးသလဲ ... ဆရာမ၊ ကိုမျိုးစင်အတွက် ဘ ယ်လိုသဘောရပါသလဲ"

"သူ့အတွက်တော့ ခပ်ခက်ခက်ပဲထင်တယ်။ ဒဏ်ရာကလည်း အင်မ တန်ကြီးပြီး မျက်လုံးတွေရော၊ ပါးစပ်ရော လောင်ထားတော့ အသက်ရှ င် တောင် လူချင်းတူတော့မယ် မထင်ပါဘူးရှင်"

"သတိကောရရဲ့ လား"

"သူငယ်မလေးကတော့ ရပါပြီ။ ဒီ ကိုမျိုးစင်ဆိုတဲ့ လူကတော့ မရရှာ သေးဘူး။ ဒါပေမဲ့ မနေ့ညက ၉ နာရီလောက်မှ တစ်မိနစ်လောက် ဖျတ်ခနဲ သတိရသလိုလိုဖြစ် လာပြီး "နှင်းဆီပန်းတွေ ဖြစ်ရမယ်ကွဲ့၊ ဖြစ်ရမယ်ကွဲ့၊ ဖြစ်ရမယ်ကွဲ့" နဲ့ အလန့်တကြား အော်လိုက်တာရှင်။ နောက် ကျွန်မအနား ရောက်သွားတော့ ပြန်သတိ မေ့သွားရှာတယ်။ နေပါဦး ... သူတို့ ကိစ္စက ဘယ်လိုဖြစ်တာလဲ အစ်မကြီးရဲ့ "

မသင်းကြိုင်သည် ရုတ်တရက်အဖြေမပေးဘဲ မိမိကိုယ်တိုင် ချစ်ခင်သူ၏ ဇာတ်လမ်းကို မည်သူ့အားမျှ ပြောမပြဘဲ ထားမည်ဟု စိတ်ကို ဆုံးဖြတ်လိုက်မိ၏။ သို့နှင့် ...

"မသိပါဘူး ဆရာမရယ်။ ဒီလူက စိတ်ပညာ ပါရဂူတစ်ယောက်လည်း ဖြစ်တော့ ထင်မိထင်ရာ လုပ်တာနဲ့ တူပါတယ်"

"သေစရာအကြောင်းလည်း မရှိဘဲနဲ့ မီးပုံထဲ ခုန်ဆင်းတယ်ဆိုတော့ စိတ်မှ နှံ့ပါလေစ အစ်မကြီးရယ်"

"စိတ်တော့ ကောင်းပါတယ်။ ကျွန်မနဲ့ လည်း သူနဲ့ အင်မတန် သိကျွမ်းခင်မင်နေတာပဲ။ ဘာတစ်ခုမှ ဖောက်ဖောက်ပြန်ပြန် ပြောတာတော့ မရှိပါဘူး။ ဒါမေယ် ..."

ထိုရက်များ အတွင်း၌ မသင်းကြိုင်မှာ မောင်မျိုးစင်၏ အိမ်ဝင်းခြံကို ထိန်းသိမ်းစောင့်ရှောက်ရလေရာ၊ တစ်နေ့တွင် သူ၏ အလုပ်ခန်းမှ စာအုပ်များကို စာရွက်စာတမ်းများကို ရှာဖွေရာတွင် "နှင်းဆီပန်း၏ ဇာတိ" ခေါ် စာအုပ်ကို အမည်ထူးဆန်းသဖြင့် အလှန်လိုက်မှာ အတွင်းမှ စာရွက်တစ်ပိုင်း ပြတ်ကလေး တစ်ရွက် ထွက်ကျ လာလေသည် ။

ထိုစာရွက်ပြတ်ကလေးမှာ အလွန်ဟောင်းနွမ်းသော အခြားအင်္ဂလိပ်စာအုပ်တစ်အုပ်မှ စာရွက် တစ်ရွက်ဖြစ်၍ အရောင်မှာ ဖြူရော်သော အရောင်မှ အဝါဘက်သို့ပင် ကူးသန်း၍ နေလေပြီ။

စာအုပ်ထိပ်မှ စာကို မြင်လိုက်ရသောအခါ မသင်းကြိုင်မှ မျက်နှာတွင် သွေးရောင်များ လွှမ်းကာ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားလေသည် ။

အင်္ဂလိပ်ဘာသာမှ မြန်မာအနက်ပြန်သော် အောက်ပါအတိုင်းဖြစ်၏။

***

## ဆာဂျွန်မန်ဒီဗီ၏ ခရီးစဉ်

## အခန်း(၆)

Rose ရို့စ်ခေါ် နှင်းဆီပန်းသည် ဘုရားသခင် အကြိုက်နှစ်သက်ဆုံးဖြစ်၍ ကမ္ဘာဦးအစတွင် လူ၏ သွေးသားမှ ဖြစ်ပေါ်လာကြောင်းဖြင့် တောင်အမေရိကတိုက် အမေဇုံမြစ်ဝှမ်းနယ်တစ်ဝိုက်တွင် နေထိုင်သော လူရိုင်းများက ယုံကြည်ကြလေသည် ။ ဤယုံကြည်ချက်ကို ထောက်ခံသော သာဓကတစ်ခု ကမ္ဘာ့အရှေ့ပိုင်း တွင် လည်း အောက်ပါအတိုင်း တွေ့ရှိရလေသည် ။

၁၇၆၃ ခုနှစ်တွက် ကျွန်ုပ်သည် မွန်ဂိုလီးယားပြည် ဂိုဗီသဲကန္တာရ၏

အရှေ့တောင်ဘက်ဖျားဖြစ်သော ကာလဂန် Kalgan မြို့၏ မြောက်ဘက် မိုင် ၅၀ ခန့်ကွာသည့် တောင်ခြေ တစ်ခု၌ ရှေးဟောင်း တိရစ္ဆာန်ကြီးများ အရိုးကို သုတေသနပြုရန် ရှာဖွေလျက်ရှိစဉ် ၁၀ လက်မခန့်မျှ အဝန်းရှိသည့် ပန်းပွင့် များ ပွင့်သော နှင်းဆီပင်ကြီးတစ်မျိုးကို တွေ့ရလေသည် ။

ထိုနှင်းဆီပင်ကြီး မည်သို့မည်ပုံ ပေါက်လာသည့် အကြောင်းကို တိုင်းရင်းသားများ ထံမှ အောက်ပါအတိုင်း သိရှိရလေသည် ။ ထိုနယ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ဂျေဟိုးဆိုသူက ဘုန်းကြီးနှင့် သီလရှင်ကြီး တစ်ဦးမှာ ဘုရားတရားကို လွန်စွာကြည်ညိုကာ နှစ်ပေါင်း ၄၀ ကျော်မျှ တရားကို အားထုတ်ကြပြီးနောက် မွန်မြတ်သော အဓိဋ္ဌာန်တစ်ခုကို ပြုကာ မီးပုံကြီး တစ်ခုပြုလုပ်၍ ထိုမီးပုံထဲသို့ နှစ်ယောက်လက်တွဲကာ ခုန်ဆင်းလေသည် ။ မီးသည် သူတော်ကောင်းနှစ်ဦးအား လောင်မြိုက်မည့် အစား သူတို့ သည် အနှစ် ၂၀ ခန့် ပို၍ ငယ်လာသည်ဟု ထင်ရပြီးနောက် မီးပုံထဲမှ ထွက်၍ လာကြလေသည် ။

သို့သော် သူတို့ သည် အရွယ်မည်မျှပင် ပြန်၍ နုပျိုလှပသော်လည်း တစ်ယောက်နှင့် တစ်ယောက် ကာမစိတ်အားဖြင့် တစ်စုံတစ်ရာ ပြစ်မှားခြင်းမရှိဘဲ ကျောင်းသင်္ခမ်းတွင် ၁၀ ရက်ခန့်နေပြီးနောက် ဂိုဗီသဲကန္တာရဘက်သို့ တစ်ခါတည်း ထွက်ခွာသွားကြ၏။

သူတို့ ခုန်ချသော မီးပုံကို ဖယ်ရှားရာ နှင်းဆီပင်ပျိုကလေး ၂ ပင်ကို တွေ့ရ၍ အဖြူနှင့် အနီ ... ဤနေရာတွင် စာရွက်မှာ ပြတ်သွားလေသည် ။

သို့ဖြစ်ရကား မောင်မျိုးစင်၏ စင်ကြယ်မှုနှင့် ကံကြမ္မာမှာ ထိုစာရွက်စုတ်ကလေး ပေါ်တွင် တည်နေကြောင်း မသင်းကြိုင် နားလည်လာ

တော့၏။

၅ ရက်မြောက်သောနေ့၌ မောင်မျိုးစင်မှာ သတိပြန်၍ လည်မလာတော့ဘဲ သေဆုံးသွားလေသည် ။ မနှင်းဆီမှာ မူ ကိုယ်အောက်ပိုင်းလောက်သာ ဒဏ်ရာပြင်းထန်သဖြင့် ၁ လခန့်မျှ ကုသရပြီးနောက် ဆေးရုံမှဆင်းခဲ့ရ၏။ သို့သော် မောင်မျိုးစင်ကိုသာမက မောင်မျိုးစင်၏ အယူအဆများကိုပါ စွဲလမ်း၍ နေသဖြင့် စိတ်ရောဂါအထူးကုဆေးရုံသို့ ပို့ရပြန်၏။ မောင်မျိုးစင်နှင့် မိမိတို့ မှာ ကိုယ်တစ်ကိုယ်တည်း မဟုတ်သော်လည်း ဝိညာဉ်တစ်ခုတည်းဖြစ်ကြောင်း နှုတ်ဖျားမှ မကြာမကြာ ရေရွတ်ကာ ရှိနေပြီးလျှင် တစ်လခန့်မှ အစားအစာ ကောင်းစွာမစားဘဲ ရှိနေပြီးနောက် မောင်မျိုးစင်နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားပြန်လေသည် ။

***

ဆရာမ ဒေါ်သင်းကြိုင်မှာ ယခုအခါ အသက် ၅၆ နှစ်မျှ ရှိပြီဖြစ်သော်လည်း အပျိုကြီးဘဝနှင့် ပင် ရှိနေသေးရာ အထက်ပါအဖြစ်အပျက်များမှာ သူအရွယ်ကောင်းစဉ် မိမိစိတ်ထဲက ချစ်မိသူတစ်ဦးနှင့် ထူးဆန်းစွာ တွေ့ဆုံခဲ့သော အဖြစ်အပျက်များ ပင် ဖြစ်လေသည် ။

**ရှုမဝမဂ္ဂဇင်း**
**၁၉၅၇ ခုနှစ်၊ မေလ**

*****